ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ကဆုန်လဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့၊ (2-5-2004)(၄၂၂)

အရိယ သစ္စာန ဒဿနံ တေံ မင်္ဂလ မုတ္တမံ။	မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါး တရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

ရတနာအုတ်မြစ်တော်စီ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံသစ် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားတွင် ရတနာအုတ်မြစ်တော် စီပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် လမ်းတံတား၊ ဆည်တမံအဆောက်အအုံများစွာ မြန်မာအင်ဂျင်နီယာများက မိမိတို့အတတ်ပညာ စွမ်းပကားဖြင့် ခံ့ညားထည်ဝါစွာတည်ဆောက်လျက်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကြီး၏စွမ်းပကားများ ပိုမိုတိုးတက်ရေး ဆက်လက်အထောက်အကူပေးမည်

ရန်ကုန် မေ ၁

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံသစ် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေ တက္ကသိုလ်ကျောင်းလမ်း မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ (MICT Park) အနီးရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံသစ် ဆောက်လုပ်မည့်နေရာ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်ပြီး နဝရတ်ကိုးပါးငွေကြုတ်ကို မြှုပ်နှံပေးကာ ရတနာအုတ်မြစ်တော်စီပေးသည်။

တက်ရောက်

ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်နှင့် အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်က လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံဆောက်လုပ်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ အဆောက်အအုံပုံစံငယ်နှင့် ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ☆



အဆောက်အအုံသစ် ပုံစံငယ်

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံသစ်ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားတွင် အဆောက်အအုံသစ် ပုံစံငယ်ကို တွေ့ရစဉ်။(သတင်းစဉ်)

ယနေ့ထုတ် စောင်ရေ
၁၉၆၂၁၀

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂-၅-၂၀၀၄
(တနင်္ဂနွေနေ့)

အမျိုးသားရေးစွမ်းအားစုကြီးအဖြစ် ခိုင်ခိုင်မာမာရပ်တည် သွေးခွဲသပ်လျှိုမှုများ အစဉ်သတိပြုကာကွယ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်သော စွမ်းပကားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်၏ အခြေခံစီးပွားရေးဖြစ်သော စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုအခြေခံသော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းလာစေရေးနှင့် ယှဉ်တွဲလျက် စက်မှုဖွံ့ဖြိုးသော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် အမျိုးသားရေးဦးတည်ချက်များ ချမှတ်ပြီး နိုင်ငံတော်ကဏ္ဍနှင့် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းများ ကဏ္ဍတို့ ဟန်ချက်ညီညီ ပေါင်းစပ်ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ ဦးဆောင်ဦးရွက်ပြု အားပေးထောက်ကူမှု၊ နိုင်ငံတော်ပိုင်ကဏ္ဍနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ပုဂ္ဂလိကပိုင်ကဏ္ဍတို့ စနစ်တကျ ပေါင်းစပ်ကြိုးပမ်းဆောင်ရွက်မှု၊ ကာယဉာဏ အလုပ်သမားကြီးများ၏ အမျိုးသားရေး အကျိုးစီးပွား ရှေးရှုအားထုတ် ကြိုးပမ်းမှုများကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် အမျိုးသားရေးမျှော်မှန်းချက်များနှင့်အညီ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အလုပ်သမားကြီးများ၏ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါလှသည့် အခန်းကဏ္ဍကို အသိအမှတ်ပြုပြီး အလုပ်သမားကြီးများ၏ လုပ်ငန်းခွင်သာယာရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ အချိန်အခါနှင့်လျော်ညီစွာ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး စသည့်အလုပ်သမားများ၏ ခံစားခွင့်များနှင့် အခွင့်အလမ်းများ ပိုမိုတိုးတက်မြင့်မား ခိုင်မာလာစေရန် အလေးထား ကာကွယ်စောင့်ရှောက် မြှင့်တင်ပေးလျက်ရှိသည်။

သို့ရာတွင် မြန်မာနိုင်ငံအကျိုး မလိုလားသည့် မသမာသူ အဖျက်အမှောင့် အဖွဲ့အစည်းများက အလုပ်သမားကြီးများ အပါအဝင် တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကို သပ်လျှိုဖြိုခွဲနိုင်ရန် မဟုတ်မမှန်သော လုပ်ကြံစွပ်စွဲချက်များဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပျက်ပြားအောင် ဖန်တီးလုပ်ဆောင်လျက်ရှိနေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သည့် ၂၀၀၄ ခုနှစ် အလုပ်သမားနေ့သဝဏ်လွှာတွင်–

“ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံအကျိုး မလိုလားသည့် မသမာသူ အဖျက်အုပ်စုတစ်စုသည် အလုပ်သမားအရေးရှိ အမည်ခံ အဖွဲ့အစည်းများ ဖွဲ့စည်းလျက် မွန်မြတ်သန့်စင်သည့် အလုပ်သမားထုကြီး၏ဂုဏ်ဒြပ်ကို ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် မတော်မတရား အသုံးချပြီး အလုပ်သမားအခွင့်အရေး ဗန်းပြလျက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတွင် ဝင်ရောက်စွက်ဖက် လှုပ်ရှားနေမှုများ ရှိနေသည်ကို တွေ့ကြရမည်ဖြစ်ပါသည်” ဟူ၍ ဖော်ပြပါရှိသည်။

အလုပ်သမားကြီးများအနေဖြင့် နယ်ချဲ့ဆန့်ကျင်ရေး အစဉ်အလာကောင်းများ၊ အလုပ်သမား၊ လယ်သမား၊ တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှု ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့် သမိုင်းအစဉ်အလာကောင်းများနှင့်အညီ မသမာသူ အဖျက်သမားများနှင့်တကွ တိုင်းတစ်ပါး၏ စွက်ဖက်နှောင့်ယှက်မှု၊ သွေးခွဲသပ်လျှိုမှုတို့ကို ကြံ့ကြံ့ခံ တွန်းလှန်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ အားပေးထောက်ကူမှုနှင့်အတူ ကာယဉာဏ အလုပ်သမားကြီးများက အမျိုးသားရေးစွမ်းအားစုကြီးအဖြစ် ခိုင်ခိုင်မာမာရပ်တည်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ရင်း မသမာသူ အဖျက်သမားများ၏ စွက်ဖက်နှောင့်ယှက်မှု၊ သွေးခွဲသပ်လျှိုမှုများကိုလည်း အစဉ်သတိပြု တွန်းလှန်ကာကွယ်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးအတွက် ခိုက်ခင်းထူထောင် သစ်၊ မျော၊ ဝါး၊ ထင်း စည်းကမ်းမဲ့ခုတ်ယူမှု ထိရောက်စွာအရေးယူမည်

ရန်ကုန် မေ ၁

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ၂၀၀၄ ခုနှစ် မေမှစ၍ ငါးနှစ်စီမံချက်ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် သစ်တောရေးရာဝန်ကြီးဌာန၏ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂နာရီတွင် ပဲခူးမြို့ သီရိဥသျှခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အစည်းအဝေးသို့ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပဲခူးတိုင်းအတွင်းရှိ ခရိုင်လေးခု၊ မြို့နယ် ၁၉ခုတို့မှ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ သစ်တောဦးစီးဌာန၊အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပဲခူးတိုင်းအတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်းစီမံကိန်းညွှန်ကြားရေးမှူး ဦးသီရိတင်က ငါးနှစ်စီမံချက်ကို မြေပုံဇယား၊ ကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိုင်ငံတော် အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ဒေသအာဏာပိုင်များ၊ တပ်၊ဌာနအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ ပါဝင်ကူညီပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်သော လုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ပြန်လည်ထိန်းသိမ်းရန်လို

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ပဲခူးရိုးမသည် အဖိုးတန်ကျွန်းနှင့် သစ်မာများထွက်ရှိရာ ဒေသဖြစ်သည့်အပြင် နိုင်ငံတော်အကြီးအကဲက ဒေသခံပြည်သူလူထု စိုက်ပျိုးရေးဖူလုံရန်နှင့် လျှပ်စစ်ဓာတ်အား ရရှိစေရန် ဆည်၊ တာတမံကြီးများကို ပဲခူးရိုးမပတ်လည်တွင် ၃၅ခု တည်ဆောက်ပေးထားကြောင်း၊ အဆိုပါတည်ဆောက်ပေးထားသော တာတမံကြီးများတွင် ရေအပြည့်အဝရရှိထိန်းသိမ်းနိုင်ရန် ရေဝေရေလဲ သစ်တောများ အဓိကထိန်းသိမ်းရန်လိုအပ်ကြောင်း၊ကြိုးဝိုင်းသစ်တောများအတွင်း ကျူးကျော်ဝင်ရောက်၍ တောင်ယာလုပ်ကိုင်မှု၊ စည်းကမ်းမဲ့သစ်၊ မျော၊ ဝါး၊ထင်း၊မီးသွေးထုတ်ယူသုံးစွဲမှုများကြောင့် သစ်တောများ ပြုန်းတီးမှုကို ယခုအချိန်မှစ၍ ပြန်လည်ထိန်းသိမ်းရန် လိုကြောင်း၊ စည်းကမ်းမဲ့သစ်၊မျော၊ဝါး၊ ထင်း၊ မီးသွေး ထုတ်ယူသုံးစွဲမှုများကို ထိရောက်စွာ တားဆီးအရေးယူရန် လိုအပ်သကဲ့သို့ ပြည်သူသုံး လိုအပ်ချက်များကို စနစ်တကျနေရာသတ်မှတ်၍ စည်းကမ်းတကျ ထုတ်ယူသုံးစွဲတတ်သည့် အလေ့အကျင့်များကိုလည်း သက်ဆိုင်ရာဒေသအာဏာပိုင်၊ ဌာနဆိုင်ရာများမှ စည်းရုံးပညာပေးကြပ်မတ်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ တိုင်း၊ခရိုင်၊မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တို့ကလည်း ဌာနဆိုင်ရာများနှင့်ညှိနှိုင်း၍ ပြည်သူလူထုလိုအပ်ချက်များ၊ ပညာပေးလိုအပ်ချက်များ၊ တားဆီးထိန်းသိမ်းရန် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် သက်ဆိုင်ရာခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊ဌာနဆိုင်ရာတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များက ညှိနှိုင်း ဆွေးနွေးကြသည်။

ကျွန်းစိုက်ခင်းစိုက်ပျိုးမည်

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်း စီမံချက်ကို ၂၀၀၄–၂၀၀၅ ခုနှစ်မှ ၂၀၀၈–၂၀၀၉ ခုနှစ်အထိ ငါးနှစ်စီမံချက်ဖြင့် ဆောင်ရွက်ရာတွင် ပဲခူးရိုးမ နယ်မြေ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ဧရိယာ ဧက ၄ ဒသမ ၇၇သန်းအနက် သဘာဝတောထိန်းသိမ်းခြင်းလုပ်ငန်းဧက ၁၃ ဒသမ၃သိန်း၊ ကျွန်းစိုက်ခင်း ဧက ၈၆၅၀၀ နှင့် ရေဝေရေလဲစိုက်ခင်း ဧက ၇၃၆၅၀ အပါအဝင် စိုက်ခင်းဧကပေါင်း ၁၉၉၆၄၀ စိုက်ပျိုးခြင်း၊ သဘာဝတောတန်ဖိုးမြှင့်ခြင်း ဧက ၁၅၉၁၀၀၊ ဓမ္မတာမျိုးဆက်ခြင်း ဧက ၁၈၂ ဒသမ ၉၅၀တို့ ပါဝင်မည့်အပြင် ကျူးကျော်တောင်ယာများ လျှော့နည်းပပျောက်ရေး၊ သီးနှံသစ်တောရောနှောစိုက်ခြင်း၊ စံပြသစ်တောရွာတည်ထောင်ခြင်း၊ကျေးရွာ ထင်းစိုက်ခင်းများ ထူထောင်ခြင်း၊ ထင်းအစားအခြားလောင်စာသုံးစွဲရေး စည်းရုံးပညာပေးဆောင်ရွက်ခြင်းတို့ ပါဝင်မည်ဟု သိရသည်။ ထို့အပြင် မြန်မာ့သစ်လုပ်ငန်း ကြီးကြပ်မှုဖြင့် သစ်ထုတ်လုပ်ငန်း ဆောင်ရွက်နေကြသောကုမ္ပဏီများမှသစ်တောဦးစီးဌာနနှင့် ပူးပေါင်း၍ ကျွန်းစိုက်ခင်းဧကတစ်သောင်း စိုက်ပျိုးခြင်းလုပ်ငန်းလည်း ပါဝင်မည်ဖြစ်သည်။ (သတင်းစဉ်)

အောင်ဘာလေထီ ကံထူးရှင်များ

ရန်ကုန် မေ ၁

(၁၈၄)ကြိမ်မြောက် ကျပ် ၅၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀၀) အထူးဆု

ခ–၃၁၁၂၂၅

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

ဆ–၆၄၈၀၃၄
ဏ–၅၁၇၀၅၃
ထ–၉၀၀၇၉၉
ဆ–၈၆၄၂၃၅
ဈ–၇၃၁၁၆၁
မ–၃၇၈၄၄၃
န–၅၅၇၈၃၄
ပ–၂၇၃၅၆၇
င–၇၁၅၁၅၂
ဖ–၄၉၇၉၅၀
ရ–၆၆၉၅၈၆

ဆုကြီးတစ်ဆုချင်း ကျပ်(၂၅)သိန်းဆုများ

ဘ–၁၁၈၃၄၁
သ–၃၀၉၄၄၄
ပ–၇၆၅၇၃၇
တ–၈၁၂၀၈၀
ဈ–၆၁၀၇၃၇
ဓ–၃၄၃၃၂၀
န–၁၂၀၃၈၄

န–၁၂၂၁၆၉
ထ–၅၃၃၅၈၂
အ–၄၇၃၉၆၇
မ–၇၃၃၂၄၆
အ–၅၈၁၂၉၂
န–၈၄၀၇၉၀
န–၂၃၄၇၈၀
ဟ–၈၄၃၅၀၇

ကျပ်သိန်း(၅၀)ယူနစ် (မင်္ဂလာစုံတွဲ)

ဌ–၆၂၆၅၆၇
ဘ–၅၇၃၄၁၉
င–၉၁၆၀၆၀
ကက–၃၉၂၆၉၇
ဗ–၇၅၅၉၅၈
ဝ–၉၀၉၄၈၃
ည–၆၄၃၃၉၆
ဋ–၆၈၄၇၀၉
ခ–၄၁၃၆၀၉
ဋ–၉၇၀၈၄၁
ထ–၄၆၅၇၄၆
ကက–၈၉၆၇၅၆
ဘ–၆၃၄၂၀၂
ဒ–၇၈၉၀၁၂
ပ–၉၇၇၃၂၈
စ–၇၅၉၃၈၉
ဗ–၈၂၉၁၄၅
ဆ–၄၂၂၀၁၈

အမေရိကန်သည် အီရတ်ပြည်သူများအတွက် စစ်မှန်သော အချုပ်အခြာအာဏာကို အမြန်ဆုံးလွှဲအပ်သင့်ဟု ပြင်သစ်သမ္မတပြောကြား

ပါရီ ဧပြီ ၂၀

ကုလသမဂ္ဂအဖွဲ့မှ သတ်မှတ်ပေးထားသော မူဘောင်များအတွင်းမှ အီရတ်များလက်သို့ စစ်မှန်သော အချုပ်အခြာအာဏာ လွှဲပြောင်းရေးကိစ္စကို သွက်လက်လျင်မြန်စွာ ဆောင်ရွက်ရန် ပြင်သစ်သမ္မတဂျက်ရှီရက်က တိုက်တွန်းလိုက်သည်။

အီရတ်ကြားဖြတ်အစိုးရအဖွဲ့သည် အမေရိကန်တို့ထံမှ အချုပ်အခြာအာဏာကို လွှဲပြောင်းရယူရာတွင် အာဏာကို အပြည့်အဝလွှဲပြောင်းပေးမည်မဟုတ်ဘဲ တစ်စိတ်တစ်ပိုင်းကို ခြွင်းချန်ပြီးမှသာ လွှဲပြောင်းပေးမည်။ ထိုသို့အာဏာကို ခြွင်းချန်ထားရခြင်းမှာ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ အနေဖြင့် လိုအပ်သလို လွတ်လပ်စွာလှုပ်ရှားနိုင်ခွင့်ရှိစေရန် ချန်လှပ်ထားရခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က ပြောကြားခဲ့သည်။ ထိုပြောကြားချက်များ ထွက်ပေါ်လာပြီးနောက်ပိုင်းတွင် အီရတ်များလက်သို့ အချုပ်အခြာအာဏာ အပြည့်အဝကိုသာ လွှဲပြောင်းပေးရန် ပြင်သစ်သမ္မတက မှတ်ချက်ပေးလိုက်ခြင်းဖြစ်သည်။

လိုအပ်

ကုလသမဂ္ဂအဖွဲ့၏ထိရောက်သော ကြီးကြပ်မှုအောက်တွင် အီရတ်ပြည်သူများလက်သို့ စစ်မှန်သော အချုပ်အခြာအာဏာလွှဲပြောင်းမှုကို ဆောင်ရွက်နိုင်ခြင်း မရှိပါက အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးကို အထောက်အပံ့ဖြစ်စေမည့် စစ်မှန်သော အဖြေတစ်ရပ်ကို ရရှိနိုင်မည်မဟုတ်။ အချုပ်အခြာအာဏာ လွှဲပြောင်းပေးရေးကိစ္စသည် အလျင်အမြန် ဆောင်ရွက်ပေးရန် လိုအပ်နေသော ကိစ္စဖြစ်သည်။ အဓိပ္ပာယ်နှစ်ခုထွက်နေသော အဖြေတစ်ရပ်ကို ချမှတ်ပြီးဆောင်ရွက်ခြင်းသည် အဆိုးဘက်ဆီသို့သာ ဦးတည်သွားစေနိုင်သည်။ ကုလသမဂ္ဂအဖွဲ့က ရှေ့မှမားမားမတ်မတ်ရပ်တည်ပြီး ဖြေရှင်းပေးသင့်သည်။

သုံးသပ်

သို့ရာတွင် လက်တွေ့ ဖြစ်နေသည်မှာ ထိုသို့မဟုတ်ဘဲ အစစအရာရာကို အပေါင်းပါ တပ်ဖွဲ့များကသာ ဦးစီးပဲ့ကိုင်လျက် ရှိနေသည်ကိုသာ တွေ့နေရကြောင်း ပြင်သစ်သမ္မတက အီရတ်ပြဿနာကို သုံးသပ်ပြောကြားသွားသည်။ ပြင်သစ်သမ္မတက အထက်ပါ စကားများကို ပြင်သစ်သမ္မတ၏နန်းတော်တွင် ပြုလုပ်သော အီးယူနှင့်အခြားအကြောင်းရပ်များဆိုင်ရာ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်ခြင်းဖြစ်သည်။

လိုလား

အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်များက အီရတ်နိုင်ငံကို သိမ်းပိုက်ထားသည့် အခြေအနေကို ရပ်စဲလိုက်ချိန်တွင် အီရတ်ပြည်သူများလက်သို့ အချုပ်အခြာအာဏာ လွှဲပြောင်းရေးကို အာမခံသော ဆုံးဖြတ်ချက်တစ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ချမှတ်ပေးရန် ပြင်သစ်က လိုလားသည်။ ပြင်သစ်နိုင်ငံသည် အမေရိကန်ဦးဆောင်ကာ အီရတ်နိုင်ငံကို တိုက်ခိုက်ခဲ့သော စစ်ပွဲကို ဆန့်ကျင်သောနိုင်ငံဖြစ်သည်။

ပြင်သစ်သမ္မတရှီရက်သည် ရက်ပိုင်းအတွင်း စပိန်ဝန်ကြီးချုပ် ဇာပါတီရိုနှင့် ပါရီမြို့၌ တွေ့ဆုံပြီး အီရတ်နှင့်သက်ဆိုင်သောကိစ္စ ချမှတ်သင့်သော ကုလသမဂ္ဂ ဆုံးဖြတ်ချက်နှင့်သက်ဆိုင်သည့် အသေးစိတ်အချက်အလက်များကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ဧပြီ ၂၉ရက်က ဘဂ္ဂဒက်မြို့တွင် မီးလောင်ပျက်စီးနေသည့် အမေရိကန်စစ်ဘက်ဆိုင်ရာ ယာဉ်တစ်စီးအနီး အောင်ပွဲခံနေသော အီရတ်တို့ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်က အီရတ်ကို ဓာတုလက်နက်များ ထောက်ပံ့ခဲ့ အမေရိကန်က အီရန်ကို လျော်ကြေးဒေါ်လာ သန်း၆၀၀ပေးရန် အီရန်တရားရုံးက ဆုံးဖြတ်

တီဟီရန် ဧပြီ ၂၀

အီရတ်တွင် ဆက်ဒမ်ဟူစိန်အာဏာရှိစဉ်က ဆက်ဒမ်အစိုးရကို ဓာတုလက်နက်များ ထောက်ပံ့ခဲ့သည့်အတွက် အမေရိကန်အစိုးရက အီရန်နိုင်ငံသို့ လျော်ကြေးငွေ အမေရိကန်ဒေါ်လာသန်း ၆၀၀ပေးလျော်ရမည်ဖြစ်ကြောင်း အီရန်တရားရုံးက စီရင်ချက် ချမှတ်လိုက်သည်ဟု အိုင်အာအင်အေသတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

အဆိပ်သင့်

ထိုလျော်ကြေးငွေများမှာ ဓာတုဗေဒလက်နက်ဖြင့် အတိုက်ခိုက်ခံခဲ့ရသော အီရန်စစ်ပြန်များနှင့် မသန်မစွမ်းဖြစ်နေကြရသူများကို ပေးလျော်ရမည့်ငွေများဖြစ်ကြောင်း အစိုးရသတင်းဌာနဖြစ်သည့် အိုင်အာအင်အေကရေးသားလိုက်သည်။ ဓာတုဗေဒ အဆိပ်သင့်ခဲ့သူများမှာ အီရန်နှင့် အီရတ် နယ်စပ်မြို့ဖြစ်သော ဆာဒရှ်မြို့ကို အတိုက်ခံရစဉ်က ထိခိုက်နစ်နာခဲ့ကြရသူများဖြစ်ကြောင်းသိရသည်။

၁၉၈၀ပြည့်နှစ်မှ ၁၉၈၈ခုနှစ်ထိ ဖြစ်ပွားခဲ့သော အီရန်-အီရတ်စစ်ပွဲတွင် အီရတ်တို့က ဓာတုဓာတ်ငွေ့ဖြင့် တိုက်ခိုက်ခဲ့သည့်အတွက် အီရန်လူမျိုးနှင့် ကာ့ဒ်လူမျိုးထောင်ပေါင်းများစွာ သေကျေခဲ့ရသည်ဟုဆိုသည်။ သေကျေကြရုံသာမက အခြားထောင်ပေါင်းများစွာမှာလည်း မသန်မစွမ်း ဖြစ်ခဲ့ရသေးသည်ဟုဆိုသည်။

အဆိုပါ တိုက်ခိုက်မှု၌ သုံးစွဲသော ဓာတုလက်နက်မှာ အမေရိကန်တို့က အီရတ်နိုင်ငံကို ထောက်ပံ့ခဲ့ခြင်းဖြစ်၍ လျော်ကြေးငွေကို အမေရိကန်အစိုးရက ပေးအပ်ရန်ချမှတ်ခြင်းဖြစ်ကြောင်း အိုင်အာအင်အေသတင်းဌာနက ဖော်ပြသည်။

လွှဲအပ်ပေး

အီရန်တရားရုံး၏ ဆုံးဖြတ်ချက်ကို အီရန်နိုင်ငံရှိ ဆွစ်ဇာလန်သံရုံးမှတစ်ဆင့် အမေရိကန်အစိုးရသို့ပေးအပ်ရန် လွှဲအပ်ပေးခဲ့ကြောင်းသိရသည်။ အမေရိကန်နှင့် အီရန်နိုင်ငံတို့မှာ သံတမန်အဆက်အသွယ်မရှိသဖြင့် ဆွစ်ဇာလန်သံရုံးမှတစ်ဆင့် တရားရုံးအမိန့်စာကို ပေးအပ်ရခြင်းဖြစ်သည်။ အမေရိကန်နှင့် အီရန်နိုင်ငံတို့သည် ၁၉၈၀ ပြည့်နှစ်ကတည်းက သံတမန်အဆက်အသွယ် ပြတ်တောက်သွားခဲ့သည်။

၁၉၇၉ခုနှစ်တွင် တက်ကြွသူ အီရန်များက အီရန်ရှိ အမေရိကန်သံရုံးကို ရက်ပေါင်း ၄၄၄ ရက်ကြာ သိမ်းပိုက်ထားပြီး အမေရိကန် လူမျိုး ၅၀ဦးတို့ကို ဓားစာခံအဖြစ် ဖမ်းဆီးထားခဲ့သောကြောင့် သံတမန်အဆက်အသွယ် ပြတ်ခဲ့ရခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံခြားသတင်းများ

ဘာကူဘာမြို့တွင် ဗုံးပေါက်ကွဲ

ဘာကူဘာ ဧပြီ ၂၀

ဘဂ္ဂဒက်မြို့မြောက်ပိုင်းတွင် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များ၏ အနီးတွင် ကြာသပတေးနေ့က ဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ အီရတ်အရပ်သား တစ်ဦးသေဆုံးပြီး အမေရိကန်တပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘာကူဘာမြို့တွင် ဖြစ်ပွားသော ဗုံးပေါက်ကွဲမှုတွင် အခြားအီရတ်လူမျိုး တစ်ဦးမှာလည်း ဒဏ်ရာရရှိသွားကြောင်း သိရသည်။ ထိုမြို့မှာ ဘဂ္ဂဒက်မြို့၏ မြောက်ဘက် မိုင်၄၀အကွာတွင် တည်ရှိသည်။ အထက်ပါ အဖြစ်အပျက်နှင့် ပတ်သက် ၍ အမေရိကန်စစ်ဘက်က တစ်စုံတစ်ရာ ဝေဖန်ချက် မပေးသေးပေ။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်ရေနံမြေလုံခြုံရေးအကြီးအကဲ ပစ်ခတ်ခံရ

ကယ်ကွတ် ဧပြီ ၂၀

အီရတ်နိုင်ငံမြောက်ပိုင်း ရေနံမြေ၏လုံခြုံရေးကို တာဝန်ယူရသူ အီရတ်လူမျိုး အရာရှိတစ်ဦးကို အမည်မသိ သေနတ်သမားတစ်ဦးက ပစ်ခတ်သွားသည့်အတွက် ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့မှရသော သတင်းများ အရသိရသည်။

အီရတ်နိုင်ငံ၏ အကြီးမားဆုံးရေနံမြေ တည်ရှိရာ ကယ်ကွတ်မြို့အနီးတွင် ရေနံမြေလုံခြုံရေးအကြီးအကဲ၏ မော်တော်ကားကို သေနတ်သမားများက ပစ်ခတ်မှု တစ်ခုဖြစ်ပွားသည်။ အခင်းဖြစ်ပွားမှုကြောင့်ကားအတွင်း၌ ရှိနေကြသော လုံခြုံရေးအစောင့်နှစ်ဦးမှာလည်း ဒဏ်ရာအသီးသီး ရရှိသွားကြသည်။

အီရတ်နိုင်ငံ၏ ရေနံမြေများအနက်မြောက်ပိုင်းရေနံမြေဒေသသည်မကြာခဏတိုက်ခိုက်ခံရသောကြောင့်တည်ငြိမ်မှု မရှိဆုံးသော ဒေသတစ်ခုပင်ဖြစ်သည်။ အမေရိကန်များ၏ သိမ်းပိုက်မှုအောက်တွင်ရှိနေသောကယ်ကွတ်ဒေသသည် ဆူပူသောင်းကျန်းမှုနှင့် ရာဇဝတ်မှုများ ထူပြောလာလျက်ရှိသည်ဟုဆိုသည်။ ထိုဒေသအတွင်း နေထိုင်ကြသော အာရပ်များ၊ တပ်မင်လူမျိုးများနှင့် ကာ့ဒ်လူမျိုးများမှာလည်း တစ်ဦးနှင့်တစ်ဦး မယုံကြည်ကြဘဲ သံသယများ တိုးပွားလျက်ရှိကြောင်း သတင်းများကဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ဧပြီ ၂၉ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် ဗြိတိသျှ တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်အရေး၌ ရှင်းလင်းပြတ်သားသည့် ကုလအခန်းကဏ္ဍ လိုအပ် ပြင်သစ်သမ္မတနှင့်ဆွေးနွေးပြီးနောက် ဒတ်ချ်ဝန်ကြီးချုပ် ပြောဆို

ပါရီ ဧပြီ ၂၀

အီရတ်နိုင်ငံအရေးတွင် နိုင်ငံတကာအသိုက်အဝန်းက ဆောင်ရွက်နိုင်စေရေးအတွက် ကုလသမဂ္ဂ၏ ရှင်းလင်းပြတ်သားသည့်အခန်းကဏ္ဍရှိရန် လိုအပ်ကြောင်း ဒတ်ချ်ဝန်ကြီးချုပ် ဂျင်းပီတာဘော်ကီနန်ဒီက ပြင်သစ်သမ္မတ ဂျက်ရှီရက်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ဗုဒ္ဓဟူးနေ့က ပြောကြားလိုက်သည်။

ကုလသမဂ္ဂသည် အီရတ်၌ အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နိုင်ရေးသည် အရေးပါမည်ဟု မိမိတို့ယုံကြည်ကြောင်း ဒတ်ချ်ဝန်ကြီးချုပ်က ပြောကြားသည်။

ဇွန် ၃၀ရက်တွင် အီရတ်တို့ထံ အာဏာလွှဲပြောင်းမှုကို ထောက်ခံအားပေးရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ဒတ်ချ်ဝန်ကြီးချုပ်က မိမိသည် ဆုံးဖြတ်ချက် အသေးစိတ်ကို ဆွေးနွေးခဲ့ခြင်းမရှိကြောင်း ပြောကြားသည်။

သို့ရာတွင် အီရတ်အရေး၌ နိုင်ငံတကာအသိုက်အဝန်းက ပါဝင်ပတ်သက်ရမည်ဆိုလျှင် ကုလသမဂ္ဂ အခန်းကဏ္ဍ ရှင်းလင်းပြတ်သားရန်လိုအပ်ကြောင်း၊ ယင်းအချက်မှာ အီရတ်နှင့် အမြင်ချင်းတူညီကြောင်း ၎င်းက ပြောကြားသည်။

ဒတ်ချ်နိုင်ငံသည် အီရတ်သို့ တပ်ဖွဲ့ဝင် ၁၁၀၀ ဖြန့်ချထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အရပ်သားနှင့်ပြည်သူများ အန္တရာယ်ဖြစ်စေမည့် သွေးမြေကျတိုက်ခိုက်မှုများမပြုရန် ဘုရှ်ကို ကိုဖီအာနန်မေတ္တာရပ်ခံ

နိုင်ငံတကာသတင်းများ

ကုလသမဂ္ဂ ဧပြီ ၃၀

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဘုရှ်အား အီရတ်အရေးနှင့် ပတ်သက်၍ စိတ်ရှည်ရန် မေတ္တာရပ်ခံလိုက်ပြီး ကုလသမဂ္ဂက အမေရိကန် ပြည်ထောင်စုနှင့် ဇွန်လ၃၀ရက်တွင် အီရတ်အစိုးရထံအာဏာလွှဲပြောင်းပေးရန် ညှိနှိုင်းဆောင်ရွက်နေချိန်တွင် သွေးမြေကျတိုက်ခိုက်မှုများကြောင့် အီရတ် နိုင်ငံသားများက အီရတ်နိုင်ငံသိမ်းပိုက်ရေးတပ်ဖွဲ့ဝင်များကို ပိုမိုဆန့်ကျင်လာနိုင်ကြောင်းလည်း ပြောကြားလိုက်သည်။

အီရတ်အရပ်သားများနှင့် အီရတ်ပြည်သားများအားအန္တရာယ်ဖြစ်စေမည့် လမ်းစဉ်များ ပိုမိုချမှတ်ဆောင်ရွက်လေလေ၊ ဆန့်ကျင်တိုက်ခိုက်မှုအခြေအနေများ ပိုမိုမြင့်တက်လာလေလေ ဖြစ်မည်ဟုကိုဖီအာနန်က နယူးယောက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဝိုင်းဝန်းပိတ်ဆို့

ဖော်လူဂျာမြို့ရှိ ပစ်မှတ်များအား လက်နက်ကြီးများဖြင့် ပစ်ခတ်မှုနှင့် လေကြောင်းမှတိုက်ခိုက်မှုများဆက်လက်ဖြစ်ပွားခြင်းမရှိပေ။ အမေရိကန် မရိန်းတပ်ဖွဲ့က ဧပြီလစောစောပိုင်းမှ စတင်၍ ဖော်လူဂျာမြို့အား ဝိုင်းဝန်းပိတ်ဆို့ထားပြီး အမေရိကန်တပ်ဖွဲ့ဝင်များက လက်နက်ကြီးများကို အများဆုံး အသုံးပြု၍ ယခု ရက်သတ္တပတ်တွင် တိုက်ခိုက်ခဲ့သည်။

ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံသားရဲတပ်ဖွဲ့ဝင်များနှင့် ပူးတွဲ၍ ကင်းလှည့်ရန် သဘောတူညီမှု ရရှိရေးအတွက် အီရတ်တပ်ဖွဲ့ဝင်ဟောင်းများနှင့်အခြားအီရတ်နိုင်ငံသားများ ပါဝင်သည့် နောက်ထပ် ညှိနှိုင်းဆွေးနွေးမှုများတွင် မိမိလည်း ပါဝင်တက်ရောက်ခဲ့ကြောင်း ဒေသခံရဲချုပ် အယ်လ်ဂျာနဘီက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ခွင့်ပေးထား

အီရတ်တပ်မတော်မှ ဗိုလ်ချုပ်ကြီးဟောင်းလေးဦးက ဖော်လူဂျာမြို့ ထိန်းချုပ်မှုရရှိရေး အတွက် ကြိုးပမ်းရန် သဘောတူညီပြီး အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များအား ယင်းမြို့မှ ပြန်လည်ရုပ်သိမ်းရန် ခွင့်ပေးထားသည်။

သို့ရာတွင် ယင်းသဘောတူညီချက်သည် ယာယီသဘောမျှသာရှိသေးပြီး အဆိုပါ ဗိုလ်ချုပ်ကြီးဟောင်းများက တွန်းလှန် တိုက်ခိုက်ရေးသမားများအား လက်နက်စွန့်စေရန် ဖျောင်းဖျနိုင်မှု ရှိမရှိနှင့်စပ်လျဉ်း၍ ပြတ်ပြတ်သားသား မသိရသေးကြောင်း လော့စ်အိန်ဂျလိစ်တိုင်းမ်သတင်းထောက်၏ ရေးသားချက်ကို စီအင်န်အင်န်ရုပ်မြင်သတင်းဌာနက ကိုးကားဖော်ပြသည်။

သေဆုံး

လူဦးရေသုံးသိန်းရှိသည့် ဖော်လူဂျာမြို့မှ ထောင်ချီရှိသည့် လူများထွက်ပြေးခဲ့ရပြီး အမေရိကန် ကန်ထရိုက်လုပ်ငန်းရှင် လေးဦးအား သတ်ဖြတ်မှုအတွက် အမေရိကန်တပ် ဖွဲ့များက တုံ့ပြန်သည့် အနေဖြင့် ပထမအကြိမ် ထိုးစစ်ဆင်တိုက်ခိုက်စဉ်အတွင်း အရပ်သား၆၀၀ သေဆုံးခဲ့ကြောင်း ဆရာဝန်များက ပြောကြားကြသည်။ ***အင်တာနက်။***

ဧပြီ ၂၉ရက်က ဘဂ္ဂဒက်မြို့တွင် ကင်းလှည့်နေသည့် အမေရိကန် စစ်ယာဉ်တစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် ဧပြီလအတွင်းသေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ဦးရေ ၁၃၂ ဦးရှိ

ဝါရှင်တန် ဧပြီ ၃၀

အီရတ်၌ ဧပြီလအတွင်း တိုက်ပွဲတွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ အမေရိကန်ဦးဆောင်သည့်တပ်များ အီရတ်ကိုစတင်ကျူးကျော်ပြီးနောက် အကြီးအကျယ်တိုက်ခိုက်သည့် ရက်သတ္တခြောက်ပတ်အတွင်း သေဆုံးသူဦးရေထက် ပိုမိုများပြားကြောင်း ထိခိုက်သေဆုံးသူများစာရင်းများအရသိရသည်။

အီရတ်တွင် တိုက်ပွဲကြီးများ ပြီးဆုံးပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဘုရှ်က မေ ၁ ရက်တွင် ကြေညာပြီးနောက် သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ၁၀၉ ဦးရှိသည်။ ဧပြီလတိုက်ပွဲတွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ဗုဒ္ဓဟူးနေ့က အနည်းဆုံး ၁၁၄ ဦးအထိ ပိုမိုများပြားလာကြောင်း ဘဂ္ဂဒက်မြို့တွင် အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

သို့သော် ဧပြီလအတွင်းတွင် အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၁၃၂ ဦး ရှိပြီဖြစ်ကြောင်း အမေရိကန်စစ်ဌာနချုပ် စာရင်းများက ဖော်ပြထားသည်။

အီရတ်ကို အမေရိကန်ဦးဆောင်သည့်တပ်များ စတင်တိုက်ခိုက်ချိန်မှစ၍ ဧပြီ ၃၀ရက် အထိ အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၇၃၂ဦး ရှိသွားပြီဖြစ်ကြောင်းသိရသည်။ ၎င်းတို့အနက် ၅၃၀ ဦးမှာ တိုက်ပွဲတွင်းသေဆုံး ခြင်းဖြစ်သည်။

အင်တာနက်။

ထောင်ချီရှိသည့် အီတလီနိုင်ငံသားများ အီရတ်စစ်ပွဲကို ချီတက်ဆန္ဒပြ အီတလီဓားစာခံများကို ပြန်လွှတ်ပေးရန် ပုပ်ရဟန်းမင်းကြီး တိုက်တွန်း

ရောမ ဧပြီ ၃၀

ထောင်ချီရှိသည့် အီတလီနိုင်ငံသားများသည် ရောမမြို့တော်တွင် ငြိမ်းချမ်းစွာ ချီတက်ကြပြီး အဖမ်းခံထားသည့် အီတလီဓားစာခံများ ပြန်လည်လွတ်မြောက်ရေးကိုတောင်းဆိုကြကာ အီရတ်စစ်ပွဲကို ကန့်ကွက်ဆန္ဒပြနေကြစဉ် ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်က အီရတ်ရှိ အီတလီဓားစာခံများအား ပြန်လည်လွှတ်ပေးရန် တိုက်တွန်းလိုက်သည်။

ဓားစာခံများ၏ မိသားစုများက ဆန္ဒပြပွဲအား ဦးဆောင်ပြီး ၎င်းတို့က ငြိမ်းချမ်းရေးသဝဏ်လွှာပေးပို့ကြောင်း ထုတ်ဖော် ပြောကြားသည်။

ဆန္ဒပြသူ ၃၀၀၀ခန့် ရှိသည်ဟု ရဲတပ်ဖွဲ့က ခန့်မှန်းပြောကြားသည်။ ဆန္ဒပြလူအုပ်က အီရတ်စစ်ပွဲဆန့်ကျင်ရေး လှုပ်ရှားမှု နိုင်ငံတကာအထိမ်းအမှတ်ဖြစ်သည့် သက်တံရောင်အလံကို သယ်ဆောင်လာကြပြီး ဆိတ်ငြိမ်စွာ ချီတက်ခဲ့ကြသည်။

ဖတ်ကြား

ပြန်ပေးဆွဲခံထားရသည့် အရပ်သားလုံခြုံရေးအစောင့်သုံးဦးအား လွှတ်ပေးသင့်ကြောင်း ပုပ်ရဟန်းမင်းကြီး၏ သဝဏ်လွှာကို ၎င်း၏ နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ဂိုဏ်းချုပ်ဂျီယိုဗန်နီလာဂျိုလိုက စိန့်ပီတာရင်ပြင်တွင် ဖတ်ကြားသည်။

မတ်လနောက်ပိုင်းတွင် ဗာတီကန်နန်းတော်က သဘောထားထုတ်ဖော်ပြောကြားနိုင်ရန် ခွင့်ပြုသည့်အနေဖြင့် ရင်ပြင်တစ်ခုတွင် လူအနည်းငယ်စုရုံးခွင့်ပြုထားသည်။

အီရတ်နိုင်ငံမှ အီတလီတပ်ဖွဲ့ဝင် ၃၀၀၀အမြန်ဆုံး ရုပ်သိမ်းရေးတောင်းဆိုထားသည့် နဖူးစည်းစာတန်းသယ်ဆောင်လာသည့် အုပ်စုကို ရဲတပ်ဖွဲ့က ချီတက်ခွင့်မပြုဘဲရပ်ဆိုင်းစေခဲ့သည်။

အီတလီနိုင်ငံသားများက အီတလီတပ်ဖွဲ့ဝင်များအား အီရတ်နိုင်ငံသို့စေလွှတ်ခြင်းကို ကန့်ကွက်ဆန္ဒပြကြပါက အီတလီဓားစာခံများအားပြန်လွှတ်ပေးမည်ဟု ဖမ်းဆီးထားသူများက တောင်းဆိုထားသည့် ဗီဒီယိုအခွေအား အာရပ်ရုပ်မြင်သံကြားအစီအစဉ်က ထုတ်လွှင့်ပြသခဲ့ပြီးနောက် ဖော်ပြပါအတိုင်း ဆန္ဒပြမှုပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။

ခြိမ်းခြောက်

ငါးရက်အတွင်းယင်းသို့ ဆန္ဒပြပွဲမကျင်းပခဲ့လျှင် ကျန်ရှိနေသည့် ဓားစာခံ သုံးဦးအား သတ်ပစ်မည်ဟု ဖမ်းဆီးထားသူများက ခြိမ်းခြောက်ထားသည်။ ***အင်တာနက်။***

ဧပြီ ၂၉ ရက်က ဖော်လူဂျာမြို့မှ စတင်ပြန်လည်ရုပ်သိမ်းသွားသည့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကုလသမဂ္ဂမူဘောင်အတွင်းမှ အီရတ်ပဋိပက္ခ ဖြေရှင်းရေး စပိန်နိုင်ငံက ဂျာမနီ၊ ပြင်သစ်တို့နှင့်ဆွေးနွေးမည်

မဒရစ် ဧပြီ ၂၉

ကုလသမဂ္ဂ၏မူဘောင်အတွင်းမှ အီရတ်နိုင်ငံ ပဋိပက္ခအား မည်သို့မည်ပုံ အဖြေရှာနိုင်ရေးအတွက် စပိန်နိုင်ငံက အီရတ်စစ်ပွဲဆန့်ကျင်ရေး နိုင်ငံများဖြစ်သည့် ဂျာမနီနှင့် ပြင်သစ်နိုင်ငံတို့နှင့် ဆွေးနွေးကြမည်ဖြစ်ကြောင်း စပိန်အစိုးရ သတင်းရပ်ကွက်က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

အီရတ်နိုင်ငံ ပဋိပက္ခ အဖြေရှာရေးအတွက် စပိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့က အကူအညီပေးနိုင်မှု ရှိ၊မရှိ တွေ့မြင်ရမည့် သဘောထားဖြစ်ကြောင်း၊ နိုင်ငံတကာတပ်ဖွဲ့များ အီရတ်နိုင်ငံသို့ ရောက်ရှိစေမည့် အစီအစဉ်တစ်ရပ်ကို ဖန်တီးဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ ယင်းသို့ နိုင်ငံတကာတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံသို့ ရောက်ရှိမှုအား အီရတ်နိုင်ငံ သိမ်းပိုက်ရေးတပ်ဖွဲ့ဟု အီရတ်ပြည်သူအများစုက ရှုမြင်မည်မဟုတ်တော့ကြောင်း ၎င်းသတင်းရပ်ကွက်က ပြောကြားသည်။

စပိန်တပ်ဖွဲ့ဝင် နောက်ဆုံး အသုတ်သည် အီရတ်နိုင်ငံမှ မေ ၂၇ ရက်တွင် ပြန်လည် ထွက်ခွာကြမည်ဟု ဝန်ကြီးချုပ်သစ် ဇာပါတီရိုက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ဇာပါတီရိုသည် ဂျာမန်ဝန်ကြီးချုပ် ရှရိုးဒါးနှင့် ဘာလင်တွင် ဗုဒ္ဓဟူးနေ့တွင်လည်းကောင်း၊ ပြင်သစ်သမ္မတ ဂျက်ရှီရက်နှင့် ပါရီ၌ ကြာသပတေးနေ့တွင်လည်းကောင်း ဆွေးနွေးမည်ဖြစ်သည်။ ဆိုရှယ်လစ်ပါတီခေါင်းဆောင် ဖြစ်သည့် ဇာပါတီရိုသည် ကုလသမဂ္ဂမူဘောင်အတွင်းမှ ပြင်းပြင်းထန်ထန် ဆောင်ရွက်လိုသူတစ်ဦးဖြစ်သည်။

စပိန်၊ ပြင်သစ်နှင့် ဂျာမနီတို့၏ပူးတွဲရှေ့ဆောင် ရေ့ရွက်ပြုမည့် အစီအစဉ်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် တင်ပြနိုင်ဖွယ်ရှိပြီး မည်သည့် ပုံစံဖြင့် ဆောင်ရွက်ရမည်ကိုမူ ၎င်းနိုင်ငံသုံးနိုင်ငံတို့က ဆုံးဖြတ်ထားရခြင်း မရှိသေးကြောင်း အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။***အင်တာနက်။***

အီရတ်စစ်ပွဲစတင်ချိန်မှ သေဆုံးသူ ကန်တပ်ဖွဲ့ဝင် ၇၃၂ဦးရှိပြီ ဒဏ်ရာရသူ အမေရိကန်တပ်ဖွဲ့ဝင် ၃၈၆၄ဦးရှိ

ဝါရှင်တန် ဧပြီ ၃၀

၂၀၀၄ခုနှစ် ဧပြီ ၃၀ရက် သောကြာနေ့ရောက်ချိန်တွင် အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၇၃၂ဦးရှိသွားပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

သေဆုံး

ယင်းသေဆုံးမှု အရေအတွက်တွင် ၅၃၀မှာ တိုက်ပွဲ၌သေဆုံးပြီး ၂၀၂ဦးမှာ တိုက်ပွဲ၌ မဟုတ်ဘဲ သေဆုံးခြင်းဖြစ်သည်ဟု ဆိုသည်။

ကြေညာခဲ့

မေ ၁ရက်၌ အီရတ်တွင် အဓိက ထိုးစစ်ကြီး ပြီးဆုံးကြောင်း သမ္မတဘုရှ်က ကြေညာခဲ့သည်။ ထိုမေ ၁ရက်မှစပြီး အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၅၉၄ ဦးဖြစ်သည်။

ဒဏ်ရာရသူ

ယင်းအနက် ၄၂၁ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၁၇၃ဦးမှာ တိုက်ပွဲ၌ မဟုတ်ဘဲ သေဆုံးသည်ဟု သိရသည်။

အီရတ်ကို စစ်ဆင်ရေးစတင်ခဲ့သည်မှစပြီး အီရတ်၌ ဒဏ်ရာရခဲ့သော အမေရိကန် တပ်ဖွဲ့ဝင်ဦးရေမှာ ၃၈၆၄ဦး ဖြစ်သည်။

အပေါင်းပါတပ်ဖွဲ့ဝင်များ

အီရတ်တွင် သေဆုံးသော အခြား အမေရိကန်၏ အပေါင်းပါတပ်ဖွဲ့များမှာ ဗြိတိသျှ ၅၈ဦး၊ အီတလီ ၁၇ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယားခြောက်ဦး၊ ယူကရိန်းလေးဦး၊ အခြားတပ်ဖွဲ့ဝင် နှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယားနှင့် ပိုလန်တို့ တစ်ဦးစီ ဖြစ်ရာ စုစုပေါင်း ၉၉ဦး ဖြစ်သည်။

(အင်တာနက်)

အီရတ်နိုင်ငံဖော်လူဂျာမြို့အပြင်ဘက်တွင် ဗုံးပေါက်ကွဲ၍ ကန်မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၁

အီရတ်နိုင်ငံ ဖော်လူဂျာမြို့အပြင်ဘက် အမေရိကန်စစ်အခြေစိုက်စခန်းအနီးတွင် အသေခံကားဗုံးဖြစ်ဖွယ်ရှိသော ဖောက်ခွဲမှုတစ်ရပ်ကြောင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားကြောင်းဖြင့် အမေရိကန် စစ်ဘက်က သောကြာနေ့တွင် ပြောကြားလိုက်သည်။

လွှဲအပ်

အမေရိကန်တပ်ဖွဲ့ဝင်များက ဆက်ဒမ်ဟူစိန်၏ အစောင့်တပ်ဖွဲ့မှ ဗိုလ်ချုပ်ကြီးဟောင်းတစ်ဦးထံသို့ ဖော်လူဂျာမြို့ ထိန်းချုပ်ရေးကိစ္စကို သောကြာနေ့က၍ လွှဲအပ်ပေးခဲ့သည်။ သို့ရာတွင် ဘဂ္ဂဒက်မြို့တော် အနောက်ဘက်ဒေသ ဆွန်နီတို့နေရာဒေသ၌ ယခုလတွင် အကြမ်းဖက်တိုက်ခိုက်မှုအသစ်များ ပေါ်ပေါက်လာလျက်ရှိရာ တိုက်ခိုက်မှု အဆုံးမသတ်သေးကြောင်း ပြသလျက်ရှိသည်။

ဖော်လူဂျာမြို့ရှိ စစ်အခြေစိုက်စခန်းတွင် ကားဗုံးဖောက်ခွဲမှုဖြစ်ပွားရာကနဦးသတင်းများက အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး ခြောက်ဦး ထိခိုက်ဒဏ်ရာ ရရှိကြောင်း အမေရိကန် ဗိုလ်မှူးချုပ် မတ်ကင့်မစ်က ဘဂ္ဂဒက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ပစ်မှတ်ထား

ဘဂ္ဂဒက်မြို့အနီးတွင် ကြာသပတေးနေ့က အသေခံကားဟု ဖြစ်ဖွယ်ရှိသော ဖောက်ခွဲမှုတစ်ခုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံးပြီး လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ယင်းဗုံးများကို အီရတ်ရဲတပ်ဖွဲ့ဝင် များနှင့် အရပ်သားများအား ယေဘုယျအားဖြင့် ပစ်မှတ်ထားကာ အသုံးပြုခဲ့ခြင်းဖြစ်သော်လည်း ယခုအခါ အမေရိကန်တပ်ဖွဲ့ဝင်များအား ရံဖန်ရံခါ အသုံးပြုတိုက်ခိုက်နေကြသည်။

အီရတ်နိုင်ငံတွင် ဧပြီလအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးသည့် အရေအတွက်သည် ယခု နောက်ဆုံးသေဆုံးမှုနှင့်ဆိုပါက ၁၂၇ ဦးရှိသွားပြီဖြစ်ရာ အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအတွင်း လွန်ခဲ့သည့်နှစ်က ကျူးကျော်ဝင်ရောက်ပြီးခဲ့သည့်နောက် သွေးမြေအကျဆုံးသောလဖြစ်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဧပြီ ၂၉ ရက်က ဖော်လူဂျာမြို့မှ ပြန်လည်ရုပ်သိမ်းရန် ပြင်ဆင်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဖော်လူဂျာမှ အမေရိကန်တပ် ရုပ်သိမ်းရေးစေ့စပ်ဆွေးနွေးနေစဉ် ကန်တပ်ဖွဲ့ဝင် ၁၀ဦး သေဆုံးခဲ့ရ

ဖော်လူဂျာ ဧပြီ ၃၀

အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များ ဖော်လူဂျာမြို့မှ ရုပ်သိမ်းပေးရန် ညှိနှိုင်းမှုတစ်ရပ်ကို ကြာသပတေးနေ့က ဆွေးနွေးကြသည်။ ယင်းသဘောတူညီချက်မှာ မရိန်းတပ်များက ဖော်လူဂျာမြို့ကို တစ်လ နီးပါးကြာ ဝိုင်းထားမှုကို ရုပ်သိမ်းပေးမည့်အပြင် လုံခြုံရေးအတွက် ဆက်ဒမ်ဟူစိန်လက်ထက်က ဗိုလ်ချုပ်ကြီး တစ်ဦးကို အီရတ်တပ်ဖွဲ့ဝင်များအား ဦးဆောင်ခွင့်ပေးရမည်ဖြစ်သည်။

တိုက်ပွဲဖြစ်ပွား

သဘောတူညီမှုရရေး စေ့စပ်ဆွေးနွေးနေသည်ဟူသောသတင်းများ ပေါ်ထွက်မှုကြားမှပင် တိုက်ခိုက်မှုများ ထပ်မံဖြစ်ပွားပြီး အမေရိကန် စစ်လေယာဉ်များက အီရတ်ခုခံတွန်းလှန်ရေးသမားများရှိရာ ပစ်မှတ်များကို ဗုံးကြဲလျက်ရှိသည်။

သေဆုံးမှု

ဘဂ္ဂဒက်မြို့တော် တောင်ဘက်လမ်းပေါ်တွင် ဖောက်ခွဲရေးပစ္စည်းများ ရှင်းလင်းရန် ကြိုးပမ်းစဉ် ဗုံးပေါက်ကွဲပြီး အမေရိကန်တပ်ဖွဲ့ဝင် ရှစ်ဦး သေဆုံးမှုအပါအဝင် တိုက်ပွဲများနေရာအနှံ့ဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် ၁၀ ဦးနှင့် တောင်အာဖရိက အရပ်သား တစ်ဦး သေဆုံးသည်။

ဆွေးနွေးပွဲ

အီရတ်နိုင်ငံတောင်ပိုင်း နာဂျက်ဖ်မြို့တွင်လည်း စေ့စပ်ဆွေးနွေးပွဲများ ပြုလုပ်သည်။ အမေရိကန်တပ်ဖွဲ့ဝင်များ ရန်ဆောင်မှုအဆုံးသတ်ပြီး ရှီးယိုက်တိုက်ခိုက်ရေးသမားများ နာဂျက်ဖ်မြို့မှ ထွက်ခွာသွားရေးအဆိုကို လူမျိုးစုခေါင်းဆောင်များနှင့် ရဲတပ်ဖွဲ့တို့ ဆွေးနွေးကြသည်။

ဖော်လူဂျာသဘောတူညီမှု အသေးစိတ်အချက် အလက်များ ဖော်ဆောင်ချမှတ်နိုင်ရန် အမေရိကန် တပ်မှူးများသည် အီရတ် ဗိုလ်ချုပ်ကြီးဟောင်းများနှင့် ကြာသပတေးနေ့က တွေ့ဆုံညှိနှိုင်းကြသည်ဟု မရိန်း ဗိုလ်ကြီးဂျိမ်းက ပြောကြားသည်။

အင်တာနက်။

ပျက်စီး

ဧပြီ ၂၉ ရက်က ဘဂ္ဂဒက်မြို့တွင် အီရတ် ခုခံတိုက်ခိုက်ရေးသမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့သည့် ရေနံတင်ကားအနီးတွင် အီရတ်လူငယ်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာ သတင်းများ

ဧပြီ ၂၉ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန် အမျိုးသမီးတပ်ဖွဲ့ဝင် တစ်ဦးက အီရတ်အမျိုးသမီးတစ်ဦးကို စစ်ဆေးနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တောင်အာဖရိကနိုင်ငံသားတစ်ဦး ဘာဆာရာတွင် ပစ်သတ်ခံရ

ဘာဆာရာ ဧပြီ ၃၀

အီရတ်နိုင်ငံတောင်ပိုင်းရှိ ဘာဆာရာမြို့တွင် ကားမောင်းသွားရင်း ပစ်ပြေးပြေးကာ တိုက်ခိုက်ခဲ့သည့်အတွက် ကြာသပတေးနေ့က တောင်အာဖရိကနိုင်ငံသားတစ်ဦး သေဆုံးခဲ့ရကြောင်း ဗြိတိသျှစစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ အခင်းဖြစ်ပွားသောနေရာသည် ဘာဆာရာမြို့လယ်ကောင်ရှိ တောင်ပိုင်း ရေနံကုမ္ပဏီရုံးအနီးတွင် ဖြစ်သည်။ ထိုစဉ်က သေဆုံးသွားသူ တောင်အာဖရိကနိုင်ငံသားနှင့်အတူ ကားပေါ်၌ အခြားတစ်ဦးလည်းရှိနေသည်။ ထိုသူမှာ ပစ်ခတ်မှုကြောင့် တစ်စုံတစ်ရာထိခိုက်မှုမရှိခဲ့ပေ။

သေနတ်များဖြင့်ပစ်ခတ်

ကားအတွင်းမှသေနတ်သမားများသည် လေးဘီးယက်ကားအတွင်းသို့ သေနတ်များဖြင့် ပစ်ခတ်သွားသည့်အတွက် လူတစ်ဦးသေဆုံးသွားပြီး အပစ်ခံရသောကားမှာလည်း နံရံတစ်ခုကို ဝင်တိုက်မိခဲ့ကြောင်းသိရသည်။ အီရတ်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းရှိ အီရတ်ပြောက်ကျားများကို အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်များက တိုးမြှင့်တိုက်ခိုက်နေချိန်တွင် ခုခံရေးသမားများကလည်း အီရတ်နိုင်ငံရှိ နိုင်ငံခြားသားများကို တိုက်ခိုက်သည့် အရှိန်အဟုန်ကို မြှင့်တင်ခဲ့ကြသည်။

ဘဂ္ဂဒက်မြို့ဈေးကြီးတစ်ခုတွင် လွန်ခဲ့သည့်သီတင်းပတ်အတွင်းက တောင်အာဖရိကလူမျိုး လုံခြုံရေးအစောင့်တစ်ဦး ပစ်သတ်ခံခဲ့ရသေးသည်။

အမ်အင်အေ၊ရိုက်တာ။

စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ညောင်ရေသွန်းပွဲတော် ကျင်းပမည်

ရန်ကုန် မေ ၁

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေ၌ တည်ထားကိုးကွယ်တော်မူသော ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)တွင် ဆဋ္ဌမအကြိမ် ညောင်ရေသွန်းပွဲတော် အခမ်းအနားကို မေ ၃ ရက်(ကဆုန်လပြည့်နေ့) နံနက် ၉ နာရီတွင် စွယ်တော်မြတ်စေတီတော် တောင်ဘက်ရှိ မဟာဗောဓိပင်၌ ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဖြိုးခြင်းချတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

ကဆုန်လပြည့်နေ့

ဦးကျော်စိန်(မန္တလေး)

“ကဆုန်လပြည့်နေ့”ကို “ဗုဒ္ဓနေ့” ဟူ၍ ဗုဒ္ဓဘာသာဝင် အပေါင်းက ဦးထိပ်ထားကြပါသည်။ ယင်းနေ့၏ ထူးခြားချက်ကြီးများမှာ **“ဗျာဒိတ်, ဖွားမြင်, ဗောဓိပင်, စံဝင်နိဗ္ဗာန်နန်း”**ဟု ဆိုသည်နှင့်အညီ သုံးလောကထွက်ထား သဗ္ဗညု မြတ်စွာဘုရားသခင်နှင့်စပ်၍–

၁။ ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဉာဏ်ဒီပင်္ကရာ ဘုရားရှင်ထံမှ လေးဆူမြောက်ဖြစ်သော “ဂေါတမဗုဒ္ဓ” အမည်ဖြင့် ဘုရားစင်စစ်ဧကန်ဖြစ်လိမ့်မည်ဟု ဒီပင်္ကရာ မြတ်စွာဘုရားထံမှ နိယတဗျာဒိတ်ကို “ကဆုန်လပြည့်နေ့” တွင် ခံယူခြင်း။

၂။ မဟာသက္ကရာဇ် ၆၈ ခု ကဆုန်လပြည့်နေ့တွင် ဂေါတမဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားအား ဖွားမြင်တော်မူခြင်း။

၃။ မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့်နေ့ အရုဏ်တက်ချိန်တွင် ဂေါတမဘုရား အလောင်းတော်သည် သဗ္ဗညုတ ဘုရားရှင်အဖြစ်သို့ ရောက်ရှိတော်မူခြင်း။

၄။ မဟာသက္ကရာဇ် ၁၄၈ ခု ကဆုန်လပြည့်နေ့တွင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း တို့ ဖြစ်လေသည်။

ဂေါတမဘုရားအလောင်းသည်–

“စိန္တိတံ သတ္တသင်္ချေယံ၊ နဝသင်္ချေယ ဝါစကံ၊ ကာယဝါစံ စတုချာတံ၊ ဗုဒ္ဓတ္တံ သမုပါဂမိ” ဟူသော ပါဠိတော်အရ ဉာဏ်ရှေ့ ဉာဏ်မျှပဟု တွက်ဆမှတ်သားခြင်းငှာ မတတ်ရာသော မဟာကပ်ပေါင်း ခုနစ်အသင်္ချေအတွင်း၌ ပွင့်တော်မူကုန်သော တစ်သိန်းနှစ်သောင်း ငါးထောင်ကုန်သော ဘုရားရှင်တို့ကို ဖူးမြင်တွေ့ကြုံရသဖြင့် ဓမ္မဒေသနာကို ကြားနာရလေလျှင် ဘုရားဖြစ်ချင်သော စိတ်တော်ရှိလှ၍ အလောင်းတော်တို့ ဖြည့်ကျင့်ဆည်းပူးအပ်သော စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း (ဒါနပါရမီ)၊ ကိုယ်ကျင့်သီလကောင်းအောင် စောင့်ထိန်းခြင်း (သီလပါရမီ)၊ တောထွက်ခြင်း(နေက္ခမ္မပါရမီ)၊ ပညာဖြင့် အများအကျိုးသယ်ပိုးခြင်း (ပညာပါရမီ)၊ ကြိုးစားအားထုတ်ခြင်း (ဝီရိယပါရမီ)၊ သည်းခံခြင်း(ခန္တီပါရမီ)၊ မှန်ကန်သော စကားကိုသာ ပြောဆိုခြင်း (သစ္စာပါရမီ)၊ စိတ်ဓာတ်မြဲမြဲ ခိုင်ခံ့အောင် ဆောက်တည်ခြင်း (အဓိဋ္ဌာနပါရမီ)၊ မေတ္တာဓာတ်အပြည့်အဝထားခြင်း (မေတ္တာပါရမီ)၊ လျစ်လျူရှုခြင်း (ဥပေက္ခာပါရမီ)ဟူသော မြင့်မြတ်သူတို့၏ အလုပ်ဖြစ်သည့် ပါရမီဆယ်ပါးနှင့် အလွန်စွန့်နိုင်ခဲစွာသော ပဒေသရာဇ်, ဧကရာဇ်၊ စကြာမင်းတို့၏ စည်းစိမ်ဥစ္စာ ရတနာကိုစွန့်ခြင်း၊ သားသမီးကိုစွန့်ခြင်း၊ ဇနီးမယားကို စွန့်ခြင်း၊ ခြေ၊ လက်၊ နား၊ နှာခေါင်း အစရှိသည့် အင်္ဂါ ကြီးငယ်ကို စွန့်ခြင်း၊ ကိုယ်၊ အသက်ကို စွန့်ခြင်းဟူသည့် စွန့်ခြင်းကြီး ငါးပါးတို့ကို တစ်စတစ်စ ဖြည့်ကျင့်တော်မူသည်။

ထို့နောက် ကိုးအသင်္ချေထက်၌ ပွင့်တော်မူကြကုန်သည့် သုံးသိန်း ရှစ်သောင်း ခုနစ်ထောင်ကုန်သော ဘုရားရှင်တို့နှင့် တွေ့ကြုံရပြန်လျှင်လည်း ထိုဘုရားရှင်တို့အား ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းပူဇော်ကာ တရားတော်ကိုနာ၍ “နောင်သောအခါ ငါလည်း ထို့အတူ လူတွင်ထင်ရှား ဘုရားစင်စစ် ဖြစ်စေသော”ဟု နှုတ်ရော၊ စိတ်ပါ ဆုတောင်းသမှုပြု၍ ရွှေ၊ ငွေ၊ ဆင်၊ မြင်း အစရှိသည်ကို လှူခြင်း (ဒါနပါရမီ)၊ ခြေ၊လက်၊နား၊နှာခေါင်း အစရှိသည်ကိုလှူခြင်း(ဒါနဥပပါရမီ)၊ ကိုယ်၊အသက်ကို လှူခြင်း (ဒါနပရမတ္ထပါရမီ) အစရှိသော ပါရမီသုံးဆယ်နှင့် စွန့်ခြင်းကြီး ငါးပါးတို့ကို ဖြည့်ကျင့်ကာ အမြဲမပြတ် ကြိုးကုတ်အားထုတ်တော်မူသဖြင့် ဆောက်ဦးရင့်မာ၍ သုမေဓာရှင်ရသေ့အဖြစ်သို့ ရောက်တော်မူသည်။ ထိုမှစ၍ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူကြကုန်သော နှစ်ဆယ့်ခုနစ်ဆူသော ဘုရားရှင်တို့တွင် ဒီပင်္ကရာ မြတ်စွာဘုရားမှစ၍ နိယတဗျာဒိတ် ခံယူရရှိတော်မူသည်။

ထို့နောက် သုမေဓာရှင်ရသေ့ဘဝမှ ဝေဿန္တရာမင်းဘဝတိုင်အောင် ဘဝများစွာတို့၌ လူအများ ချမ်းသာအောင် ပြုကျင့်မှု(လောကတ္ထစရိယ)၊ အမျိုးသားတို့ ကြီးပွားအောင် ပြုကျင့်မှု (ဉာတတ္ထစရိယ)၊ မိမိစိတ် ဖြူစင်အောင်၊ ဉာဏ်ပညာ ရင့်လာအောင် ဒါနပြုမှု၊ သီလစောင့်မှု၊ မေတ္တာစသော ဘာဝနာပွားမှု(ဗုဒ္ဓတ္ထစရိယ) ဟူသော ပါရမီတို့ကို ဖြည့်ကျင့်တော်မူပြီးနောက် တုသိတာနတ်ပြည်၌ သေတကေတုမည်သော ဘုရားအလောင်းတော်နတ်သား ဖြစ်ခဲ့သည်။ ထိုသို့ဖြစ်စဉ် စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာ အပေါင်းတို့က “ဘုရားဖြစ်ချိန် တန်ပါပြီ၊ လူ့ပြည်သို့ဆင်း၍ ဘုရားဖြစ်တော်မူပါ”ဟု တောင်းပန်ကြသည်။ သို့ဖြစ်၍ ဘုရားအလောင်းတော် နတ်သားသည် ဘုရားဖြစ်ရာ အချိန်ကာလ၊ ဘုရားဖြစ်ရာ ကျွန်းအရပ်၊ ဘုရားဖြစ်ရာ အရပ်ဒေသ၊ ဘုရားဖြစ်ရာ အမျိုးအနွယ်၊ ဘုရားအလောင်းတော်၏ မယ်တော်ဖြစ်မည့်သူ၏ သက်တမ်းအပိုင်းအခြားဟူသော “ကြည့်ခြင်းကြီးငါးပါး” တို့ကို ကြည့်ရှုတော်မူသည်။ ယင်းသို့ ကြည့်ရှုတော်မူပြီး နတ်အဖြစ်မှ စုတေကာ မဟာသက္ကရာဇ် ၆၇ ခု ဝါဆိုလပြည့် ကြာသပတေးနေ့၌ ကပိလဝတ်ပြည့်ရှင်ဘုရင် သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားကြီး မယ်တော်မာယာ ဝမ်း၌ ပဋိသန္ဓေတည်နေတော်မူသည်။ ဘုရားအလောင်းတော်သည် မဟာသက္ကရာဇ် ၆၈ ခု ကဆုန်လပြည့် သောကြာနေ့ဝယ် ဒေဝဒဟပြည်နှင့် ကပိလဝတ်ပြည်၏ အကြားရှိ လုမ္ဗိနီ သာမော အင်ကြင်းတော၌ မယ်တော်မာယာဝမ်းမှ ဖွားမြင်တော်မူသည်။

ဘုရားအလောင်းတော်သည် ၁၆ နှစ်အရွယ်တွင် ယသော်ဓရာမင်းသမီးနှင့် ထိမ်းမြား၍ ထီးနန်းစည်းစိမ်ကို ခံစားသည်။ ၂၉ နှစ်အရွယ်သို့ ရောက်သောအခါ သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော နိမိတ်ကြီးလေးပါးကို မြင်တော်မူသဖြင့် တောထွက်ကာ ရဟန်းပြုသည်။ အလွန်ပြုနိုင်ခဲသော “ဒုက္ကရစရိယာအကျင့်”ကို ခြောက်နှစ်ပတ်လုံး ကျင့်တော်မူသည်။ ဘုရားအလောင်းတော်သည် သုဇာတာ သူဌေးသမီး လှူဒါန်းသော နို့ဃနာဆွမ်းကို အဇပါလ ညောင်ပင်ရင်း၌ အလှူခံဘုဉ်းပေးပြီး မဟာဗောဓိပင်သို့ ကြွသွားတော်မူသည်။ ဘုရားအလောင်းတော်သည် သောတ္ထိယ အမည်ရှိသော မြက်ထမ်းသမား လှူဒါန်းသည့် မြက်ရှစ်ဆုပ်ကို အလှူခံ၍ ယင်းမြက်ရှစ်ဆုပ်ကို ကြဲဖြန့်လိုက်သောအခါ မဟာဗောဓိပင်ရင်း၌ “အပရာဇိတပလ္လင်တော်” ဖြစ်ပေါ်လာသည်။ ဘုရားအလောင်းတော်သည် ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူစဉ် နေမဝင်မီ မာရ်နတ်ရန်ကို အောင်တော်မူ၍ ညဉ့်ဦးယံတွင် ရှေး၌ဖြစ်ခဲ့ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့တတ် သိတတ်သော ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်တော်ကို ရတော်မူသည်။ သန်းခေါင်ယံ၌ နတ်တို့၏ မျက်စိနှင့်တူသော ဉာဏ်မျက်စိဖြင့် စုတေခါနီးသော သတ္တဝါစသည်တို့ကို မြင်တတ်သော ဒိဗ္ဗစက္ခု ဉာဏ်တော်ကို ရတော်မူသည်။ မိုးသောက်ယံ၌ အာသဝေါတရားလေးပါးတို့၏ ကုန်ခြင်းကို ပြုတတ်သော အာသဝက္ခယ ဉာဏ်တော်ကို ရတော်မူ၍ သက်တော် ၃၅ နှစ် မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ မိုးသောက်ယံဝယ် လောကသုံးပါးတွင် အတုမရှိသော “သဗ္ဗညုတဘုရားရှင်”အဖြစ်သို့ ရောက်ရှိတော်မူသည်။

သုံးလောကထွတ်ထား သဗ္ဗညုတဘုရားရှင်သည် ၄၅ ဝါကာလပတ်လုံး ဝေနေယျသတ္တဝါတို့အား တရားဓမ္မတို့ကို ဟောကြားတော်မူကာ လူ၊နတ်၊ဗြဟ္မာသတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ရွက်တော်မူပြီး သက်တော် ၈၀ အရွယ် မဟာသက္ကရာဇ် ၁၄၈ ခု ကဆုန်လပြည့် အင်္ဂါနေ့ဝယ် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်း ဥယျာဉ်၌ ပရိနိဗ္ဗာန်ဝင်စံတော်မူသည်။

ဘုရားအလောင်းတော်သည် သုမေဓာရှင်ရသေ့ဘဝတွင် ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်း၌ ကိုယ်တော်တစ်ဦးတည်း နိဗ္ဗာန်ချမ်းသာကို ရနိုင်သော်လည်း ဩဃလေးဖြာ သံသရာ၌ နစ်မွန်းပျော်ပါးကုန်သော ဝေနေယျသတ္တဝါအပေါင်းတို့ကို သနားကြင်နာတော်မူလှသဖြင့် ယူတော်မမူခဲ့ပေ။ မြတ်ဗုဒ္ဓသည် အေးသည်၊ ပူသည်၊ ပင်ပန်းသည်၊ နွမ်းနယ်သည်၊ မမာမကျန်းဖြစ်သည်မဟူ ၄၅ ဝါပတ်လုံး မဟာလုံ့လ ဝီရိယမြတ်ဖြင့် ကျွတ်ထိုက်သသူ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့ကို ကယ်မတော်မူလျက် သာသနာပြုတော်မူသည်။

မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သည့် ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်သော ဩဝါဒလမ်းညွှန်ချက်များကို ဗုဒ္ဓဘာသာဝင် သူတော်စင်ဟူသမျှ ကံကောင်းထောက်မ၍ လိုက်နာကျင့်ကြံရခြင်းဖြစ်ပေသည်။ ထို့အတွက် လိုအပ်သော ပစ္စုပ္ပန်၊ တမလွန်၊ လောကီ၊ လောကုတ္တရာအကျိုး အမျိုးမျိုးကို ရရှိခံစားနေကြရပေသည်။ ထိုအဆုံးအမ သာသနာတော်ကြီး အရှည်ခံ့၍ တည်တံ့နေသမျှ ကာလပတ်လုံး တရားဒေသနာတော်များ၌ ပါရှိသည့် လမ်းညွှန်ချက်များအတိုင်း လိုက်နာကျင့်ကြံကြသူ လူ၊နတ်၊ ဗြဟ္မာသတ္တဝါဟူသမျှ မိမိတို့ ကျင့်ကြံအားထုတ်ကြသည့် အတိုင်းအတာအားလျော်စွာ လူ၊နတ်၊နိဗ္ဗာန် သုံးတန်အကျိုး ပွားတိုးရရှိနေမည်မှာ အမှန်ပင်ဖြစ်ပေတော့သည်။ ။

(၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် မေ ၁

(၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဘွဲ့နှင်းမဏ္ဍာရုံ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ ကျင်းပရေးနာယက သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်၊ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရ အောင်ကိုနှင့် လုပ်ငန်းကော်မတီဝင်များ၊ သာသနာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အမှာစကား ပြောကြား

ရှေးဦးစွာ (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲကျင်းပရေးနာယက သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက်(၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရ အောင်ကိုက တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ ကျင်းပရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပဏာမ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ လုပ်ငန်းကော်မတီအတွင်းရေးမှူး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မျိုးမြင့်က ချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပရေး လုပ်ငန်းကော်မတီအနေဖြင့် ဆပ်ကော်မတီများနှင့် ပေါင်းစပ်ဆောင်ရွက်ထားရှိမှုနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနား အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက်အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်နှင့် ချီးကျူးပူဇော်ပွဲ ဆပ်ကော်မတီများ ဖြစ်ကြသည့် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ လှူဖွယ်ပစ္စည်းလက်ခံရေးနှင့် လှူဒါန်းရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေး ဆပ်ကော်မတီ၊ဆွမ်းဆက်ကပ်ရေး ဆပ်ကော်မတီ၊ ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ သံဃာတော်များ ပင့်ဆောင်ရေးနှင့် ဘွဲ့တံဆိပ်အဆောင်အယောင်များ ဆက်ကပ်ရေး ဆပ်ကော်မတီ၊ သတင်းမှတ်တမ်း ထုတ်ပြန်ရေး ဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီနှင့် ကျန်းမာရေးဆပ်ကော်မတီတို့က (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနား ကျင်းပရေးအတွက် ဆပ်ကော်မတီအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက ချီးကျူးပူဇော်ပွဲ အခမ်းအနားနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးကြသည်။

ယင်းနောက် (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲကျင်းပရေး နာယက သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က တိပိဋကဓရ တိပိဋက ကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနား ခမ်းနားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရေး မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း စားပွဲတင် တင်းနစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် မေ ၁

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း စားပွဲတင် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ရန်ကုန်တပ်နယ်ရှိ ဌာနချုပ်များ၊ စစ်ရေယာဉ်စုများ၊ ပင်မတပ်များ၊ တပ်/စခန်း/ရေယာဉ်များမှ အရာရှိကြီးများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်အားပေးကြသည်။

ဆုများရရှိ

ဗိုလ်လုပွဲများကို ကျင်းပရာ အမျိုးသားအသင်းလိုက် ပထမတံခွန်စိုက်ဒိုင်းဆုကို ဧရာဝတီရေတပ်စခန်းဌာနချုပ် အသင်းကလည်းကောင်း၊ အမျိုးသမီးအသင်းလိုက် ပထမတံခွန်စိုက်ဒိုင်းဆုကို ဧရာဝတီရေတပ်စခန်းဌာနချုပ် အသင်းကလည်းကောင်း အသီးသီး ရရှိသွားကြသည်။

ဗိုလ်လုပွဲအပြီးတွင် တံခွန်စိုက်ဒိုင်းဆုကို ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်းက ချီးမြှင့်သည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၅-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတတရားတော် “ဖဂ္ဂုနရဟန်း”**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် – Internal Structure and Organization (စီးပွားရေး၊ စီးပွားစီမံ)
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ မြန်မာ့ရှုခင်း
၆:၄၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ဉာဏ်ကျယ်လေး” (အပိုင်း–၁၆)**
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ပြည်သူ့တရားရှင်၊ မိခင်သစ္စာ” (အပိုင်း–၂)**
၁၈။ သင့်အတွက်မနက်ဖြန်
၁၉။ အပိတ်နှုတ်ဆက်စကား
၂၀။ ပြီးပါပြီ

တရားတော်များ ဟောကြားမည်

ရန်ကုန်   မေ   ၁

ဒဂုံမြို့နယ် ဦးဝိစာရရပ်ကွက် ဗုဒ္ဓဓမ္မဗိမာန်တော်(ဓမ္မာရုံ)ကြီးတွင် မေ ၁၀ ရက်မှ ၁၇ ရက်အထိ နေ့စဉ် ညနေ ၆နာရီမှစ၍ တောင်ဥက္ကလာပ ရွှေမြင့်မိုရ်ကျောင်း ပဓာန နာယက ဆရာတော် အရှင်သောဘဏ (ပိဋက တစ်ပုံအောင်) သည် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်း အဆောက်အအုံသစ် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

ယင်းနောက် အခမ်းအနားအစီအစဉ်ပထမပိုင်းကို ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနား ကျင်းပမည့်နေရာ၌ပြုလုပ်ရာ ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဒေါက်တာစိန်မြင့် တို့သည် သက်ဆိုင်ရာနေရာများ၌ အသီးသီးနေရာယူကြသည်။

ထို့နောက် မင်္ဂလာအခါတော်ပေးဦးကျော်က မော်ကွန်းကမ္ပည်းကြေးပြားတော်ကို ဖတ်ကြားသည်။

နဝရတ်ကိုးပါးငွေကြုတ်မြှုပ်နှံ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရတနာအုတ်မြစ်တော် အလယ်ဗဟို၌ နဝရတ်ကိုးပါးငွေကြုတ်ကိုမြှုပ်နှံပေးသည်။

ထို့နောက်မင်္ဂလာအချိန်ကျရောက်သည်နှင့်တစ်ပြိုင်တည်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဦးဆောင်လျက် ရတနာအုတ်များကို ပြိုင်တူစီပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က အုတ်မြစ်တော် အလယ်ဗဟိုရှိ နဝရတ်ကိုးပါးငွေကြုတ်ပေါ်တွင် မော်ကွန်းကမ္ပည်းကြေးပြားကို ဖုံးအုပ်ပေးပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁)၊ အတွင်းရေးမှူး(၂)၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌတို့က ရတနာအုတ်မြစ်တော်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ရွှေမိုးငွေမိုးရွာသွန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးပေးသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံသစ် ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ (MICT Park) ရှိ Conference Hall ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌဒေါက်တာစိန်မြင့်က မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ လှုပ်ရှားဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အထွေထွေ အတွင်းရေးမှူး ဦးသန်းမြင့်က မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံသစ်တွင် ပါဝင်မည့် အခန်းဖွဲ့စည်းပုံများနှင့် အဆောက်အအုံဆောက်လုပ်ရေးအတွက် အလှူငွေများ ရရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီးမှာ ၁၉၁၆ ခုနှစ်ကပင် စတင်ဖွဲ့စည်းခဲ့ပြီး လွန်ခဲ့သည့် နှစ်ပေါင်း၃၀ကျော်ကာလမှစ၍ အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းသွားခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် စိန်ရတုပွဲတော်ကာလမှစတင်ပြီး အသင်းကြီးကို ပြန်လည်ဖွဲ့စည်းပြီး အသင်း၏ လုပ်ငန်းများ ရှင်သန်လှုပ်ရှားလာစေရန် အားပေးဆောင်ရွက်ခဲ့ကြောင်း။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီးတွင် အင်ဂျင်နီယာ အတတ်ပညာရှင်မျိုးစုံ အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော် တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့ကြသည့် အင်ဂျင်နီယာကြီးများ၊ လက်ရှိ တာဝန်ထမ်းဆောင်ဆဲ အပါအဝင် မျိုးဆက်သစ် အင်ဂျင်နီယာပညာရှင်များစွာ တို့သည် အဖွဲ့ဝင်များအဖြစ် ပါဝင်လျက်ရှိသည့် စွမ်းအားစုကြီးတစ်ခုအဖြစ် ပီပီပြင်ပြင် ပေါ်ထွန်းလျက်ရှိနေပြီဖြစ်ကြောင်း။

ဆုများဆွတ်ခူး

အသင်းကြီးအနေဖြင့် ပြန်လည်လှုပ်ရှားလာနိုင်သည်နှင့်အညီ ၂၀၀၁ခုနှစ် အာဆီယံနိုင်ငံများဆိုင်ရာ စွမ်းအင်ချွေတာဆု၊ ၂၀၀၂ခုနှစ် ကမ္ဘောဒီးယား နိုင်ငံတွင် ကျင်းပသော CAFEO (20) တွင် ဆည်မြောင်းတာတမံ တည်ဆောက်ရေးအတွက် ASEAN Engineer Oustanding Award ဆု၊ ၂၀၀၃ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် CAFEO(21) တွင် တံတားတည်ဆောက်ခြင်းနှင့် ပတ်သက်သည့် ASEAN Engineer Oustanding Award ဆု နှစ်ခုဆွတ်ခူးပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း။

အသင်းဝင်များတွင် ဝန်ကြီး ဌာန ၂၁ခုနှင့် စည်ပင်သာယာရေးကော်မတီတို့မှ အင်ဂျင်နီယာအတတ်ပညာရှင်များ ပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အဓိကအားထားရသည့် အမျိုးသားစွမ်းအားစုတစ်ရပ် ဖြစ်ကြောင်း။

တည်ဆောက်ပေးလျက်ရှိ

ယနေ့နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် ရထားလမ်း၊ ကားလမ်း၊ တံတား၊ ဆည်မြောင်းတာတမံများနှင့် အထပ်မြင့်အဆောက်အအုံများစွာ တို့ကို မြန်မာအင်ဂျင်နီယာများက မိမိတို့အတတ်ပညာစွမ်းပကားဖြင့် ခံ့ညားထည်ဝါစွာ တည်ဆောက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီး၏ စွမ်းပကားများကို ပိုမိုတိုးတက်မြင့်မားလာရေး၊ ပိုမိုရှင်သန်အောင်မြင်မှုရရှိရေးအတွက် ယခင်ကကဲ့သို့ပင် ဆက်လက်အထောက်အကူပြုပေးသွားမှာဖြစ်ကြောင်း။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဝင်များအနေဖြင့် မိမိတို့၏အတတ်ပညာ အတွေ့အကြုံများဆက်လက်တိုးပွားဖြစ်ထွန်းစေပြီး မိမိတို့နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အထွေထွေအတွင်းရေးမှူး ဦးသန်းမြင့်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ငါးထပ်အဆောက်အအုံ

အဆိုပါ မြန်မာနိုင်ငံအင်ဂျင်နီယာအဆောက်အအုံသစ်ကိုရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံအနီးရှိ မြေဧရိယာတစ်ဧကပေါ်၌ ငါးထပ်မြင့် အဆောက်အအုံတည်ဆောက်သွားမည်ဖြစ်သည်။ မြေညီထပ်တွင် ပင်မအဝင်ခန်းမ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းရုံးခန်းမ၊ပထမထပ်တွင် အစည်းအဝေးခန်းမ(၁) နှင့်(၂)၊အသင်းဥက္ကဋ္ဌရုံးခန်း၊ အထူးဧည့်သည်ခန်း၊ ဒုတိယဥက္ကဋ္ဌ ရုံးခန်း၊ အစည်းအဝေးခန်း၊ ဒုတိယထပ်တွင် သင်တန်းခန်းမ အမှတ်(၁)နှင့် အမှတ်(၂)၊ သင်တန်းအစည်းအဝေးခန်းမ၊ အင်တာနက်ခန်းမ၊ စာကြည့်တိုက်၊ တတိယထပ်တွင် အထွေထွေအစည်းအဝေးခန်းမဆောင်၊ လုပ်ငန်းကော်မတီရုံးခန်း အမှတ်(၁)၊ အမှတ်(၂)နှင့်အမှတ်(၃)၊ စတုတ္ထထပ်တွင် အပန်းဖြေခန်းမ အမှတ်(၁) နှင့်အမှတ်(၂)၊ ကျန်းမာရေး လေ့ကျင့်ခန်း၊ အင်တာနက်ခန်းမတို့ ပါဝင်မည် ဖြစ်သည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ဂျပန်နိုင်ငံသံအမတ်ကြီးတွေ့ဆုံ

ရန်ကုန်   မေ   ၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Yuji Miyamoto သည် ယမန်နေ့ မွန်းလွဲ ၂နာရီတွင် ဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

World Red Cross Day-2004

ကမ္ဘာ့ကြက်ခြေနီနေ့

ခွဲခြားဆက်ဆံမပြုရန် ကြက်ခြေနီ၏စိတ်ထားမှန်

STOP DISCRIMINATION

၂၀၀၄ ခုနှစ်၊ မေလ (၈) ရက်

မြန်မာနိုင်ငံကြက်ခြေနီအသင်း

ထူးကဲဒီရေတက်ဖွယ်ရှိ

ရန်ကုန်   မေ   ၁

၂၀၀၄ ခုနှစ် မေ ၅ရက်မှ မေ ၇ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၁၄ပေခန့်မှ ၂၀ ဒသမ ၄၄ပေခန့်အထိ ထူးကဲဒီရေ တက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်းနေထိုင်ကြသော ပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးအကြောင်းကြားထားသည်။ (သတင်းစဉ်)

တန်ဖိုးမဖြတ်နိုင်သည့် သဘာဝသယံဇာတများနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက် လူ့ပယောဂကြောင့်ဖြစ်ပေါ်သည့် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုကို အလေးထားတားဆီးကာကွယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုလုပ်ငန်းများတွင် စေတနာ့ဝန်ထမ်း ပူးပေါင်းပါဝင်မှုကို ရယူဆောင်ရွက်

ရန်ကုန် မေ ၁

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ (အပေါ်ပုံ)

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်တွင် ဦးစီးဌာနတစ်ခုဖွဲ့စည်းလျက်ဆောင်ရွက်စေလျက်ရှိကြောင်း။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ပိုမိုအရှိန် မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ဆက်စပ်နီးနွှယ်ရာ ဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများပါဝင်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

အလေးထားဆောင်ရွက်

ယနေ့အချိန်အခါသည်နိုင်ငံတကာတွင်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကို အလေးထားလှုပ်ရှား ဆောင်ရွက်နေကြသည့်အချိန်ကာလလည်းဖြစ်ကြောင်း။

ယင်းသို့သော အချိန်အခါတွင် မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏ တန်ဖိုးမဖြတ်နိုင်သည့် သဘာဝသယံဇာတများနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ပိုမိုအလေးထားထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရန် လိုအပ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ပင်ကိုသဘာဝမပျက်မယွင်းသေးသည့်ရေမြေသယံဇာတ၊သဘာဝပတ်ဝန်းကျင်ကောင်းများ များစွာရှိနေကြောင်း။

ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်တို့အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးကိုဖြတ်သန်းစီးဆင်းနေသည့် မြစ်ကြီးများ၊ နိုင်ငံတော်တစ်နံတစ်လျားကိုဖြတ်လျက် တောင်မြောက်သွယ်တန်း တည်ရှိနေသည့် တောင်တန်းကြီးများ၊ တစ်နိုင်ငံလုံးကို လွှမ်းခြုံပေါက်ရောက်နေသည့် အဖိုးမဖြတ်နိုင်သော သစ်မျိုးစုံပါဝင်သည့် သစ်တောကြီးများစသည့် သဘာဝပတ်ဝန်းကျင်ကောင်းများကို ပိုင်ဆိုင်ထားကြောင်း။

ထို့အပြင် ကျောက်စိမ်း၊ နီလာ၊ ပတ္တမြားစသည့် တွင်းထွက်ကျောက်မျက် ရတနာများ၊ အဖိုးတန် သတ္တု

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ညှိနှိုင်းအစည်းအဝေးတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

သယံဇာတများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့များစသည့် မြေပေါ် မြေအောက် သယံဇာတများဖြင့်လည်း များစွာကြွယ်ဝလှကြောင်း၊ လက်ရှိအခြေအနေတွင် ရှာဖွေ ဖော်ထုတ်နိုင်ခြင်းမပြုရသေးသည့် အဖိုးထိုက်ဓာတ်သတ္တုများလည်း များစွာရှိနေသေးကြောင်း။

ထို့အပြင်မြန်မာ့ကမ်းလွန်ပင်လယ်ပြင်၌လည်း သဘာဝမပျက်ယွင်းသေးသည့် လူသူမရောက်ရှိသေးသောကျွန်းစုများ၊ သဘာဝမပျက်ယွင်းသေးသည့် သန္တာကျောက် တန်းများအပါအဝင် ရေအောက်သယံဇာတများ၊ သက်ရှိသက်မဲ့ ရေပေါ်ရေအောက် သယံဇာတများ များစွာတည်ရှိနေကြောင်း။

ရှားရှားပါးပါးတည်ရှိ

မြန်မာနိုင်ငံ မြောက်ဖျားတွင်လည်း ဟိမဝန္တာတောင်တန်းမှသွယ်တန်းလာသည့် ဆီးနှင်းဖုံးတောင်တန်းကြီးများ ရှားရှားပါးပါး တည်ရှိနေကြောင်း။

ယင်းသို့ ကြွယ်ဝလှသည့် သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်တို့မှာ လူတို့ဖျက်ဆီးမှုမဟုတ်ဘဲ သဘာဝအလျောက် ပျက်ယွင်းမှုများ (Natural Environmental Degradation) နှင့်လူသားတို့၏ပယောဂကြောင့် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှုများ (Environmental Degradation due to Human Action) ဖြစ်ပေါ်တတ်သည့် သဘာဝရှိရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်း

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ညှိနှိုင်းအစည်းအဝေးတွင် သစ်တောနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

များ (Environmental Protection and Conservation) ကို အစီအစဉ်ရှိရှိ စနစ်တကျ စီမံဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

သစ်ပင်များ စည်းကမ်းမဲ့ ခုတ်လှဲမှုကြောင့် မြေလတ်ပိုင်းတွင် တောင်ကတုံးများ ဖြစ်ပေါ်လာပြီး မြေဆီခန်းခြောက်မှု ရာသီဥတု ပူနွေးခြောက်သွေ့မှုများဖြစ်ပေါ်လာခဲ့သဖြင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး စီမံကိန်းကြီးကို နိုင်ငံတော်က ချမှတ်ဆောင်ရွက်ခဲ့ရသည်လည်းရှိကြောင်း။

ဆယ်စုနှစ်ပေါင်းများစွာ

နှစ်ပေါင်းရာချီလျက် စည်းကမ်းမဲ့ သစ်ပင်ခုတ်လှဲမှုများကြောင့် ဖြစ်ပေါ်လာခဲ့သည့် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှုကို ယခုကဲ့သို့ ခေတ်မီနည်းပညာများအသုံးပြုပြီး စနစ်တကျ ပြန်လည်ပြုပြင်ခဲ့သဖြင့် မြေဆီအစိုဓာတ်ရရှိမှု၊ မိုးရေချိန်ပိုလာမှု၊ သစ်ပင်များပြန်လည်စိမ်းလန်းလာမှု အကျိုးရလဒ်ကောင်းများ ရရှိလာခဲ့သော်လည်း ဆယ်စုနှစ်ပေါင်းများစွာ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမှသာ သဘာဝအတိုင်း ပြန်ဖြစ်လာမည့် အခြေအနေဖြစ်ကြောင်း။

မြန်မာနိုင်ငံတောင်ပေါ်ဒေသများတွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးသည့် အလေ့အထရှိခဲ့ရာ တောင်ယာမီးရှို့ခြင်း၊ သစ်ပင်ခုတ်လှဲခြင်းများကြောင့် ရေမြေသဘာဝပျက်ယွင်းမှုများ ဖြစ်ပေါ်လာခဲ့သဖြင့် ကုန်းမြင့်လယ်ယာစနစ်ကို ဖော်ထုတ်အားပေးပြီး သဘာဝပတ်ဝန်းကျင် ပြန်လည်စိမ်းလန်းစိုပြည်လာအောင်၊ သစ်တောများ ပြန်လည်လွှမ်းခြုံလာအောင် စီမံဆောင်ရွက်လျက်လည်းရှိနေကြောင်း။

စစ်ဆေးကြပ်မတ်

ထို့အတူ သတ္တုနှင့် ကျောက်မျက်ရတနာတူးဖော်မှု၊ ရွှေတူးဖော်မှုတို့ကြောင့် မြစ်ချောင်းများ မညစ်နွမ်းစေရေး၊ရွှံ့နုန်းများစွန့်ပစ်မှုကြောင့်မြစ်ချောင်းများ သောင်ထွန်းမှု၊ တိမ်ကောမှုမဖြစ်ပေါ် စေရေးတို့အတွက်လည်း ကာကွယ်တားဆီးမှု၊ စောင့်ရှောက်ထိန်းသိမ်းမှု အစီအမံများ စနစ်တကျချမှတ် စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားကြရန် လိုအပ်မှာဖြစ်ကြောင်း။

သဘာဝအလျောက် ဖြစ်ပေါ်သည့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများမှာ တဖြည်းဖြည်းချင်းဖြင့်ကြီးမားသည့်ပြဿနာဖြစ်လာတတ်သကဲ့သို့ လူသားတို့၏ ပယောဂကြောင့် ဖြစ်ပေါ်သည့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများမှာ ထုထည်ပမာဏကြီးမားစွာဖြင့်လျင်မြန်စွာ ပျက်စီးစေနိုင်သည့်အတွက် ယင်းသဘာဝပတ်ဝန်းကျင် ယိုယွင်းမှုများကို အလေးထား တားဆီးကာကွယ်ကြရန် လိုအပ်ကြောင်း။

တာဝန်ခွဲဝေ

သို့ဖြစ်၍ နိုင်ငံတော်တာဝန်ရှိသူများပါဝင်သည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီတစ်ရပ်ကို နိုင်ငံတော်အစိုးရက ဖွဲ့စည်းပေးခဲ့သည်နှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအနေဖြင့်လည်း ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်လျက် တာဝန်များခွဲဝေသတ်မှတ်ပြီး စနစ်တကျ စီမံ

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးညှိနှိုင်းအစည်းအဝေးတွင် ဥရချောင်းပတ်ဝန်းကျင် ထိန်းသိမ်းရေး လေ့လာတွေ့ရှိချက်များကိုရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ဟူးကောင်းတောင်ကြား သဘာဝကျားထိန်းသိမ်းရေးနယ်မြေသတ်မှတ်၍ ရှားပါးပြီး မျိုးသုဉ်းလုဖြစ်နေသည့် ကျားသတ္တဝါများ ထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံတကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံမြောက်ဖျားဒေသများရှိ ရေခဲပြင်၌ကျက်စားသော တာကင်ခေါ်သားမင်းများ၊ တောင်ဆိတ်များ၊ ရှားပါးလှသည့် လိပ်ပြာမျိုးကွဲများ အပါအဝင် ရှားပါးလှသည့် သဘာဝတိရစ္ဆာန်များ၊ သစ်ခွနှင့် သစ်ပင်ပန်းမန်များ ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင်ပြီး စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန် လိုအပ်မှာဖြစ်ကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

အလားတူပင် မြန်မာ့ ပင်လယ်ပြင်၌လည်း ငါးမန်း၊ လင်းပိုင်၊ မိကျောင်းစသည့် ရှားပါးစသည့် ရေပေါ်ရေအောက်သတ္တဝါများ၊သန္တာကျောက်တန်းများ အပါအဝင် ရေပေါ်ရေအောက် သဘာဝ သယံဇာတများကို သဘာဝမပျက်မယွင်းစေရအောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်မှာ ဖြစ်ကြောင်း။

နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ပေးနေသည့် မြစ်ချောင်းများ၊ သစ်တောများကိုလည်း ပျက်စီးယိုယွင်းမှုမရှိစေရေးအတွက် အမြဲမပြတ် လေ့လာစူးစမ်းပြုပြင် ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်း။

ပမာဏကြီးမား

သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ လုပ်ငန်းတာဝန်များသည် ထုထည်ပမာဏကြီးမားလှသလို ကျယ်ပြန့်နက်ရှိုင်းလှသည့်အတွက်အမြဲမပြတ်ဆွေးနွေးညှိနှိုင်းပေါင်းစပ်ပြီး တက်ညီလက်ညီ စုပေါင်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

သဗ္ဗညုပုထိုးတော်ကြီးအား စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် တင်လှူပူဇော်ခြင်း အောင်မြင်ခြင်းအထိမ်းအမှတ် တရားဟောကြားမည်

ရန်ကုန် မေ ၁

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းရပ်ကွက်တွင် တည်ထားကိုးကွယ်မည့် သဗ္ဗညုပုထိုးတော်ကြီးအား စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ခြင်း အခမ်းအနားကို သက္ကရာဇ် ၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်နေ့ (၂၀၀၄ခုနှစ်၊ မေ ၃ရက်)တွင် ကျင်းပမည်ဖြစ်ရာ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဉာဏိဿရ က အနုမောဒနာတရားတော်များကို အခမ်းအနားကျင်းပရာ သဗ္ဗညုပုထိုးတော်ကြီးတွင် ကဆုန်လပြည့်နေ့ ည ၇နာရီတွင် ဟောကြားတော်မူမည်ဖြစ်ပါ၍ အလှူ့ဒါယကာ၊ ဒါယိကာမများလည်း တရားနာကြွရောက်နိုင်ရန် ဖိတ်ကြားထားကြောင်းသိရသည်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော် ပါသည်။

* ကန်တော်ကြီးဥယျာဉ်မှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေး မှာကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင် နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ဘက်စုံ အဆင့်မြှင့်တည်ဆောက်ရေး လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဘက်စုံအဆင့်မြှင့်တင်မှု လုပ်ငန်းတွင် Education Zone၊ Central Symbol Zone၊ Relaxation Zone နှင့် Recreation Zone များ ခွဲခြား၍ အဆင့်မြှင့်တင် တည်ဆောက်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နေမှု၊ နှင့်တစ်ခုချင်းအလိုက် လုပ်ငန်းပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင် ရွက်သွားမည့် လုပ်ငန်းအစီအစဉ် များကို မြေပုံကားချပ်တို့ဖြင့် ရှင်းလင်း တင်ပြသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က စိုက်ပျိုးရေး ဆိုင်ရာ ပညာပေးပြကွက် ကိုးခု၊ စိုက်ပျိုးရေးပြတိုက်နှင့် စိုက်ပျိုးရေး အရောင်းဆိုင်များ တည်ဆောက်ပြီး

ထို့အပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်း များတွင် စေတနာ့ဝန်ထမ်းလူမှုရေး အသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်မှု ကိုလည်း ရယူဆောင်ရွက်သွားကြရန် ပိုကြောင်း။

နိုင်ငံတော်၏ အဖိုးတန် သက်ရှိ သက်မဲ့ သဘာဝသယံဇာတများ ယိုယွင်းပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ် စေရေး၊ နိုင်ငံတော်၏ ရေမြေသဘာဝ မြစ်ချောင်း တောင်တန်းနှင့် သစ်တော များ၊ ပင်လယ်ပြင်များ အပါအဝင် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှု မဖြစ်ပေါ်စေရေးတို့အတွက် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း များကို အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ် တက်ညီလက်ညီ အလေးထား ဆောင်ရွက်သွားကြရန် ပြောကြား သည်။

ရှင်းလင်းတင်ပြ

ထို့နောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က ကချင်ပြည်နယ် အားကန့်ဒေသ ဥရချောင်း ပတ်ဝန်း ကျင်အခြေအနေ၊ ဥရချောင်း လက်ရှိ ပတ်ဝန်းကျင် အခြေအနေများကြောင့် ဖြစ်ပေါ်နေမှု အခြေအနေနှင့် မြေ သယံဇာတ၊ ရေသယံဇာတနှင့်သစ်တော သယံဇာတများ ကာကွယ်ထိန်းသိမ်း ရေး လုပ်ငန်းများအား သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး

စီးမှု၊ ကန်တော်ကြီးရေပြင် သန့်ရှင်း ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းနှင့် ဆက်လက်ဆောင်ရွက် မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြ သည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွား လာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယ

ဗိုလ်မှူးချုပ်အုန်းမြင့်က ဥရချောင်း ရေကြောင်းအခြေအနေ လေ့လာ တွေ့ရှိချက်၊ ရွှေနှင့် ကျောက်စိမ်း စည်းကမ်းမဲ့ တူးဖော်မှုများကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် သက် ရောက်မှု အခြေအနေနှင့် ထုတ်ပြန် ထားသော စည်းမျဉ်းစည်းကမ်း၊ အမိန့် နှင့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရေး စစ်ဆေး ကြပ်မတ်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

သစ်တောကဏ္ဍ

ယင်းနောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သစ်တောစိုက်ခင်းများ တိုးချဲ့စိုက်ပျိုး ခြင်း၊ တရားမဝင် သစ်ခုတ်ခြင်း၊ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်း၊ တောမီး တားဆီးကာကွယ်ခြင်းအပါ အဝင် သစ်တောကဏ္ဍမှ ဆောင်ရွက် မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင် ရွက်မည့် အစီအမံများကို ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက် များကို ပြန်လည်ရှင်းလင်း ဆွေးနွေး မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်း လိုက်သည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက ကန်တော်ကြီးဥယျာဉ်အတွင်း အဆင့် မြင့်စားသောက်ဆိုင်များ တည်ဆောက် မှုအခြေအနေကို ရှင်းလင်းတင်ပြ သည်။

ထို့နောက် မွေးမြူရေးနှင့် ရေ လုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက Education Zone အတွင်း Fresh Water Fish Garden တည်ဆောက် ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ သစ်တော ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က Central Forest Zone ရှိ အဆင့်မြင့်တည်ဆောက်မှု လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ပန်း အလှပင်များ စိုက်ပျိုးပြီးစီးမှု၊ ဆက် လက်ဆောင်ရွက်မည့် Water Fall တည်ဆောက်ခြင်းလုပ်ငန်း၊ Water Fountain တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုတို့ကိုလည်း ကောင်း၊ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ အဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်း များ ရာနှုန်းပြည့်ပြီးစီးမှု၊ တိရစ္ဆာန် များဖြည့်ဆည်းနေမှု၊ ဝင်ငွေရရှိမှုနှင့် ပညာရှင်များနှင့်ညှိနှိုင်းကာ အဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင် ရွက်နေမှုတို့နှင့် စပ်လျဉ်း၍လည်း ကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်း လင်းက ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်မြို့ တော် ကန်တော်ကြီးပတ်ဝန်းကျင် နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) အဆင့်မြှင့်တင်မှုလုပ်ငန်း၏ Relaxation Zone အပိုင်း (၁)တွင် လုပ်ငန်း ၁၄ခု ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲ လုပ်ငန်းခြောက်ခု တို့၏ လုပ်ငန်းအခြေအနေများကို လည်းကောင်း၊ အပိုင်း (၂)တွင် Timber Walk Way တည်ဆောက်

ခြင်း၊ ခေမာဒီပကျွန်းကူးတံတား တည်ဆောက်ခြင်း၊ ခြံစည်းရိုးကာရံ ခြင်းနှင့် Conference Hall တည် ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက် နေမှုနှင့် လုပ်ငန်းလိုအပ်ချက်တို့ကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

အရည်အသွေးစစ်ဆေး

ထို့နောက် သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှငယ်က ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင် ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ် လျဉ်း၍ အရည်အသွေး စံချိန်စံညွှန်းမီ စွာ စနစ်တကျ ဆောင်ရွက်နိုင်ရေး အတွက် စစ်ဆေးအစီရင်ခံခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင် ရွက်မှုအခြေအနေများကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ပညာရှင် Mr. John Inada က ကန်တော်ကြီးဥယျာဉ် အဆင့်မြှင့်တင်မှု လုပ်ငန်းများတွင် မြေယာပြုပြင်မှုလုပ်ငန်း၊ မြက်ခင်း အလှပြုပြင်မှုလုပ်ငန်းများကို ခေတ်မီ ဒီဇိုင်းရေးဆွဲပြီး မြန်မာအင်ဂျင်နီယာ ပညာရှင်များနှင့် ပေါင်းစပ်ဆောင်ရွက် နေမှုအခြေအနေနှင့် လုပ်ငန်းတိုးတက် ဆောင်ရွက်နိုင်မှု အခြေအနေတို့ကို မြေပုံ၊ သရုပ်ပြပုံများဖြင့် ရှင်းလင်း တင်ပြသည်။

ထို့နောက် ဟိုတယ်လုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက Recreation Zone အတွင်း ပါဝင် သည့် အဆင့်မြှင့်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်နေမှု၊ မိသားစု အလိုက် စားသောက်နိုင်သည့် စားသောက်ဥယျာဉ် Berbecue Garden တည်ဆောက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ ညှိနှိုင်းအစည်းအဝေး သို့ တက်ရောက်လာကြသူများက ရန်ကုန်မြို့တော် ကန်တော်ကြီး ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) အဆင့်မြှင့် တည်ဆောက် ရေးလုပ်ငန်းများတွင် ပါဝင်ဆောင် ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ အကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်း တင်ပြချက်များအပေါ် လိုအပ်သည် များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပြီး အမှာ စကား ပြောကြားရာတွင် ရန်ကုန် မြို့တော် ကန်တော်ကြီးဥယျာဉ်ကို မြို့တော်၏ ကျက်သရေဆောင်အဆင့်မြှင့် ဥယျာဉ်ကြီး တစ်ခုအဖြစ်လည်း ကောင်း၊ ပြင်ဦးလွင်ရှိ အမျိုးသား ကန်တော်ကြီး ဥယျာဉ်ကြီးကဲ့သို့ အပန်းဖြေ၊ အနားယူလေ့လာဖွယ်ရာ သာယာလှပသော ဥယျာဉ်ကြီးအဖြစ် လိုအပ်မှုများကို ထပ်မံမွမ်းမံ တည် ဆောက်သွားကြရန်လိုကြောင်း။

ယခုဇုန်များအလိုက် ခွဲခြားတည် ဆောက်လျက်ရှိနေသည့် တည် ဆောက်ရေး၊ စိုက်ပျိုးရေးစသည့် ပြုပြင်မွမ်းမံရေး လုပ်ငန်းတိုင်းကို စံချိန်မီတည်ဆောက်သွားရန် လိုအပ် သကဲ့သို့ ရေရှည်တည်မြဲမှုရှိအောင် စနစ်တကျ အစီအမံများချမှတ်ဆောင် ရွက်ကြရန်လိုကြောင်း။

မွမ်းမံပြင်ဆင်

အပန်းဖြေအနားယူကြမည့် လူကြီး၊ လူငယ်၊ ကလေးသူငယ်များအတွက် အေးချမ်းသည့် သဘာဝခံစားမှုများ ရရှိစေနိုင်ရန် မွမ်းမံပြင်ဆင်ထား ရန် လိုအပ်သကဲ့သို့ မျက်စိပသာဒ ကြည်နူးမှုရရှိအောင် ပန်းပေါင်းစုံ ဝေဆာဖူးပွင့်နေသည့် ပန်းဥယျာဉ်ကြီး တစ်ခုအဖြစ် မွမ်းမံသွားကြရန်လို ကြောင်း။

ထို့ပြင် ဥယျာဉ်ကြီးအတွင်း မိမိတို့ နိုင်ငံတွင် စိုက်ပျိုးပေါက်ရောက်လျက် ရှိသည့် ရှားပါးသစ်ပင်မျိုးစုံနှင့် ပရ ဆေးပင်မျိုးစုံ၊ ပန်းမန်မျိုးစုံတို့ကို လည်း စုံစုံလင်လင်စိုက် ပျိုးထားကြ ရန်လိုကြောင်း၊ ဥယျာဉ်ကြီးအတွင်း ဝင်ရောက်သည်နှင့် အပန်းဖြေစရာနှင့် သာယာကြည်နူးဖွယ်ရာ အပန်းဖြေ အနားယူနိုင်သကဲ့သို့ ပညာပေး လေ့လာဖွယ်ရာ ပြကွက်များကို ကြည့်ရှုလေ့လာ အပန်းဖြေ အနားယူ နိုင်စေရအောင် ဌာနဆိုင်ရာအားလုံး က ညှိနှိုင်းဆောင်ရွက် သွားကြစေ လိုကြောင်းဖြင့် မှာကြားပြီး ညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

ညှိနှိုင်းအစည်းအဝေး အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင် အဆင့်မြှင့်တင်တည်ဆောက်မှုလုပ်ငန်း များဖြစ်သော Relaxation Zone တွင် ပါဝင်သည့် Elephant Plaza တည်ဆောက်နေမှုကိုလည်းကောင်း၊ Education Zone တွင် ပါဝ ပန်းမန်သစ်ပင် ပျိုးပင်အရော များ၊ စိုက်ပျိုးရေးပညာပေး ပြကွက်များကို မော်တော်ယာ ဖြင့်လည်းကောင်း၊ ခေတ်မီ ရေချိ တိုက်၊ Fresh Water Fish den တည်ဆောက်မှု လုပ်ငန်း လည်းကောင်း၊ Recreation တွင် ပါဝင်သည့် မိသားစုအ စားသောက်နိုင်သည့် စားသေ ဥယျာဉ် Berbecue Ga မွမ်းမံပြင်ဆင်ထားမှုကိုလည်းက ရန်ကုန်မြို့တော် ကန်တေ ဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန် တို့ကို ဆက်သွယ်တည်ဆောက ခုံးကျော်တံတား Over Bridge တည်ဆောက်မည့် တို့ကိုလည်းကောင်း လှည့် ကြည့်ရှု စစ်ဆေးပြီး လိုအပ် များကို တာဝန်ရှိသူတို့အား မှာ သည်။ (သတင်

တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွ မြန်မာနိုင်ငံ ပါဝင်ပြသရေး ညှိနှိုင်

ရန်ကုန် မေ ၁

"တရုတ်-အာဆီယံကုန်စည်ပြပွဲ"တွင် မြန်မာနိုင်ငံမှ ပါဝင်ပြ ကိစ္စနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ ညနေ ၆နာ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပဋ္ဌမ ဆွေးနွေးပွဲခန်းမ၌ကျင်းပရာ ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက တရုတ်-အာဆီယံ ကုန်စည်ပြ မြန်မာနိုင်ငံမှ ထုတ်ကုန်ပစ္စည်းအမျိုးမျိုးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပါဝ ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အဖွင့်အမှာစကားပြောကြား

ထို့နောက် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူ ဦးညွန့်အေးက တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် စပ်လျဉ်း၍ လုပ်ငန်းစ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော ဝန်ကြီးဌာနနှင့် ဦးစီးဌာန ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပြပွဲတွင် ပါဝင်ပြသမည့် အသင်းအဖွဲ့ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက ဖြည့်စွက်အကြံပြုဆွေးနွေးပြီး ဆွေးနွေးချက်အပေါ် ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ဖြည့်စွက်မှာကြား၍ နိ စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင

သားငါးဖွံ့ဖြိုး ပြည်အကျိုး

လောကရန်နိုင် မာရ်ဇိန်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

ရန်ကုန် မေ ၁

တောင်ဥက္ကလာပမြို့နယ် အမှတ်(၁)ဝိုင်း ပျဉ်းမနားကျောင်းတိုက်တွင် နဝမအကြိမ်မြောက် လောကရန်နိုင် မာရ်ဇိန် ဆုတောင်းပြည့်စေတီတော်ကြီး ဗုဒ္ဓပူဇနိယပွဲတော် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ညောင်ရေသွန်း ပွဲတော်ကို ဧပြီ ၂၉ရက်မှ မေ ၃ရက်အထိ ပျဉ်းမနားကျောင်း ဦးစီးနာယက ဆရာတော် ဘဒ္ဒန္တညဏိန္ဒလင်္ကာရက ရွတ်ဖတ်ပူဇော်လျက်ရှိကြောင်း သိရသည်။ (က-ပ)

● **မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းမှ**

ဆက်လက်၍ ကိုရီးယားနိုင်ငံလုပ် ဆန်စက်ငယ် DJ-300 ကို ကြည့်ရှုရာ အင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိသူများက ဆန်စက်ငယ်ကို စမ်းသပ်ကြိတ်ခွဲပြသကြသည်။

ရှင်းလင်းပြသ

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် အင်ဂျင်နီယာဌာနခွဲက ရော်ဘာကြိတ်လုံး စပါးအခွံချွတ်စက် (Rubber Roll Husker) တိုးချဲ့တီထွင် တပ်ဆင်ထားသည့် တစ်ရက် ၇ဒသမ၅တန်ကျ ဆန်စက်ငယ်ကို လည်းကောင်း၊ စပါးသန့်စင်ဆန်ခါ (Paddy Cleaner)နှင့် ဆန်အဆင့်ခွဲခြားစက် (Rice Grader) တိုးချဲ့တီထွင် တပ်ဆင်ထားသည့် တစ်ရက် ခြောက်တန်ကျ ဆန်စက်ငယ်ကိုလည်းကောင်း၊ စပါးသန့်စင် ဆန်ခါ၊ စပါးအခွံချွတ်စက်၊ ဆန်အဆင့် ခွဲခြားစက်တို့ တိုးချဲ့တီထွင်တပ်ဆင်ထားသည့် တစ်ရက် ၇ဒသမ၅ တန်ကျ ဆန်စက်ငယ်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေး အားပေးကြရာ တာဝန်ရှိသူများက ဆန်စက်ငယ်များ၏ စပါး ကြိတ်ခွဲနိုင်မှုနှင့် ထွက်ရှိသည့် ဆန်နမူနာများကို ရှင်းလင်းပြသကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား ဝန်ကြီး ဗိုလ်မှူးချုပ် ပြည့်စုံက အရည်အသွေးကောင်းမွန်သည့် ဆန်စက်ငယ်များကို မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးက တီထွင်ထုတ်လုပ်လျက်ရှိသည့် အခြေအနေများ နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အင်ဂျင်နီယာချုပ် ဦးနီပေါက ဆန်စက်ငယ်များ တီထွင်ထုတ်လုပ်ခဲ့မှုနှင့် ဆန်စက်ငယ်များ၏ အရည်အသွေးများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ထုတ်လုပ်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည် များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ် ရေးက ထုတ်လုပ်လျက်ရှိသည့် ဆန်စက်ငယ်များမှာ အရည်အသွေး ကောင်းမွန် သည်ကို တွေ့ရှိရကြောင်း၊ လယ်ယာလုပ်ကွက်များနှင့် ဆက်စပ်ပြီး သုံးစွဲသူ ကြိုက်နှစ်သက်သော၊ အဆင့်အတန်း ပိုမိုမြင့်မားသည့် ဈေးကွက်ရှိသော ဆန်စက်ငယ်များကို ဆက်လက် ကြိုးပမ်းထုတ်လုပ်သွားကြရန် လိုကြောင်း။

ဆန်စက်ငယ်ထုတ်လုပ်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်နှင့် စီးပွားဖြစ် ထုတ်လုပ်နိုင်ရေးအတွက် ပုဂ္ဂလိက စက်မှုဇုန်များ၊ စက်မှုလုပ်ငန်းရှင်များအား နည်းပညာ ဖြန့်ဖြူးမှုအပါအဝင် လိုအပ်သည့် ပညာပေးကူညီဖြည့်ဆည်းခြင်းများကို ဆောင်ရွက်ပေးသွားရန် မှာကြားသည်။

ဂုဏ်ပြုချီးမြှင့်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဆန်စက်ငယ် များ တီထွင်ထုတ်လုပ်ခဲ့သည့် အင်ဂျင်နီယာများနှင့် ဝန်ထမ်းများကိုယ်စား အင်ဂျင်နီယာချုပ် ဦးနီပေါအား ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆန်စက်သုံး ကီလိုဝပ် ၃၆၀ အားရှိ ဂျင်နရေတာ ပြုပြင်မွမ်းမံခြင်းလုပ်ငန်း၊ တစ်ရက် ၁၀တန်ကျ ဆန်စက်၏ ဗဟိုထိန်းချုပ်ယူနစ် (Control Panel)၊ တစ်ကြိမ်လျှင် စပါးတင်း ၆၅၀လှန်းနိုင်သည့် စပါးအခြောက်လှန်းစက်၊ တစ်ကြိမ်လျှင် ၂၅တင်း လှန်းနိုင်သည့် စပါးအခြောက်လှန်းစက်နှင့် တစ်နာရီ ၁၆ တန်ကျ စပါးသန့်စင်စက်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထပ်ဆောင်းရရှိလာ

ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၏ မှာကြားချက်အရ မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ကြိတ်ခွဲထုတ်လုပ်ရေးဌာန အင်ဂျင်နီယာဌာနခွဲမှ အင်ဂျင် နီယာချုပ်နှင့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများက ဆန်စက်ငယ်တွင် စပါးသန့်စင် ဆန်ခါနှင့် ဆန်အဆင့် ခွဲခြားစက်တို့ကို တီထွင်တပ်ဆင်ခဲ့ရာ ဆန်စက်ငယ် များတွင် ဆန်ကြိတ်ခွဲရာ၌ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲများ သန့်စင်ခြင်း၊ စက်ယူနစ်များ၏ ကြံ့ခိုင်မှုသက်တမ်း ကြာရှည်လာခြင်း၊ စားသုံးရန်အဆင့်ရှိ ဆန်အသင့်ရရှိလာခြင်း၊ ဆန်အကျိုးအကြေ နည်းပါးခြင်းတို့ ထပ်ဆောင်းရရှိ လာသည်။

အဆိုပါ ပင်မအလုပ်ရုံသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ယခင်ရောက်ရှိစစ်ဆေးစဉ် ဆန်စက်ငယ်များ၌ ရော်ဘာကြိတ်လုံး စပါးအခွံချွတ်စက်ကို စမ်းသပ်တီထွင် တပ်ဆင်ရန်မှာကြားခဲ့ရာ အင်ဂျင်နီယာချုပ်နှင့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများက ကြိုးပမ်းတပ်ဆင် ဆောင်ရွက်နိုင်ခဲ့ကြပြီး ဆန်စက်ငယ်များတွင် ကြိတ်ခွဲအား တိုးတက်လာခြင်း၊ စပါးခွံသီးသန့်ထွက်ရှိလာခြင်း၊ ဆန်အထွက်နှုန်း တိုးတက် လာခြင်း၊ ဆန်အကျိုးအကြေသက်သာခြင်း၊ သန့်ရှင်းသော ဖွဲ့သန့်သန့်ရရှိခြင်း စသည့် ရလဒ်ကောင်းများ ရရှိစေသည်။

လွယ်ကူစွာအသုံးပြု

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးက ထုတ်လုပ်လျက်ရှိသည့် ဆန်စက်ငယ်များမှာ စပါးခင်းများအရောက် လွယ်ကူစွာ သယ်ယူအသုံးပြု ကြိတ်ခွဲနိုင်သည့်စက်များဖြစ်သည်။

အဆိုပါ ဆန်စက်များကို မြင်းကောင်ရေ ၁၀၊ မြင်းကောင်ရေ ၁၂ ဒီဇယ် အင်ဂျင်များဖြင့် လွယ်ကူစွာ တပ်ဆင်အသုံးပြုနိုင်ပြီး အရည်အသွေးကောင်းမွန်သည့် ၂၅မှတ် ဆန်များရရှိကြောင်းသိရသည်။

(သတင်းစဉ်)

၂၀၀၄ခုနှစ် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



၂၀၀၄ခုနှစ် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အသင်းလိုက် (ခ)အဆင့် ပြိုင်ပွဲ၌ ပထမဆုရသည့် ရောဝတီတိုင်းအသင်းအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ရန်ကုန် မေ ၁

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ အားကစား ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထား သူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲ မစတင်မီ ဗိုလ်လုပွဲ ပွဲစဉ်များကို သတ်မှတ် ကွင်းများတွင် ကျင်းပသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက် ကျင်းပရာ အသက် ၁၀နှစ်အောက် အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတွင် ပထမ နောင်စစ်သူဇော်၊ ဒုတိယ ရဲလင်းဦး၊ ပူးတွဲတတိယ ဒန်နီရာနှင့် သက်ဇော်ထက်၊ အသက် ၁၀နှစ် အောက် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ဝင့်သဇင် ထိုက်၊ ဒုတိယ နှင်းနှင်းအေး၊ တတိယ နီလာတို့အား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက အဖွဲ့အတွင်းရေးမှူး ဒေါ်အေးအေးကလည်းကောင်း၊ အသက် ၁၂နှစ်အောက် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ အောင်ကိုဦး၊ ဒုတိယ ရာဇာထွန်း၊ ပူးတွဲတတိယ တင်မျိုးဝေ နှင့် ကျော်မြင့်သန်း၊ အသက် ၁၂နှစ်အောက် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ဇင်မာထွေး၊ ဒုတိယ ဂျူးဂျူး၊ တတိယ အိန္ဒြေဦးတို့အား အားကစားနှင့် ကာယပညာဦးစီး ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးသိန်းအောင်က လည်း ကောင်း၊ အသက် ၁၄နှစ်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ တွင် ပထမ အောင်ကျော်နိုင်၊ ဒုတိယ အောင်ကိုကို၊ ပူးတွဲ တတိယ ဇင်ဘိုနှင့် ကျော်သူ၊ အသက်၁၄နှစ်အောက် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ခိုင်ငြိမ်းသာ၊ ဒုတိယ သက်မာထွန်းနှင့် တတိယ နှင်းလပြည့်တို့အား ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးတင်လှက လည်းကောင်း၊ အသက် ၁၆နှစ်အောက် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ဝင်းထက်ပိုင်၊ ဒုတိယ သန်းဇော်ထွန်းနှင့် တတိယ အဓိ၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ အေမီထွန်း၊ ဒုတိယ ကြည်မြဇော်နှင့် တတိယ ချစ်ဆုရည်၊ အမျိုးသမီး အလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ အေမီထွန်းနှင့် ကြည်မြဇော်၊ ဒုတိယ ထားထားလွင်နှင့် ချစ်ဆုရည်၊ တတိယ ခိုင်ငြိမ်းသာနှင့် မိုးချစ်သဲတို့အား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ကလည်းကောင်း၊ အသက် ၆၀ နှစ်အထက် အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဦးခင်မောင်ဝင်းနှင့် ဦးဟားဘတ်၊ ဒုတိယ ဦးကျော်မောင်နှင့် ဗိုလ်မှူးကျော်ခင်၊ တတိယ ဦးဟောက်ခိုပေါင်နှင့် ဦးကျော်မြင့်၊ အသက် ၅၅နှစ်အထက် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ဦးမောင်မောင်လေး၊ ဒုတိယဆုရ ဗိုလ်ချုပ်ကျော်ဝင်း ကိုယ်စား ဗိုလ်မှူးတင်စောနိုင်၊ တတိယ ဦးဟောက်ခိုပေါင်တို့အား မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ကလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရောဝတီ၊ ဒုတိယဆုရ Top Star၊ ပူးတွဲတတိယ Morning Star နှင့် Champion၊ (က)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ မြို့တော်စည်ပင်နှင့် ဒုတိယဆုရ သစ်တောရေးရာအသင်းတို့အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက၏ အထူးဂုဏ်ပြုဆုရ ဦးကျော်စံလှနှင့် ဦးဟောက်ခိုပေါင်တို့အား မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အမှုဆောင် ဗိုလ်မှူးတင်စောနိုင်က ဆုများကို ပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂-၅-၂၀၀၄ (တနင်္ဂနွေနေ့)

၁၃၆၆ ခုနှစ် ကဆုန်လဆန်း(၁၄)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ မဟာဝံသမြတ်ဗုဒ္ဓ(ပထမပိုင်း)

၈း၀၅ ၅။ သံသာချိုအေးမင်္ဂလာတေး

၈း၁၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ

၈း၃၀ ၇။ International News.

၈း၄၅ ၈။ Say it in English .

၉း၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး

၁၁း၁၀ ၂။ တေးဂီတအစီအစဉ်

၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်

၁၁း၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ(အပိုင်း-၃၈)**

၁၂း၁၅ ၅။ အန္တရာယ်ကင်းဝေး ဘေးကင်းရေး ကျန်းမာရေးဖြင့် အသိပေး

၁၂း၃၀ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း သူ့အတွက်သာ (ရဲအောင်၊ပိုင်ဇေရဲထွန်း၊ မေသဥ္ဇာဦး၊ယမင်းကိုကို) (ဒါရိုက်တာ-သန်းဖေလေး)**

၂း၃၀ ၇။ ဂမုန်းရေလှောင်တမံ

၂း၄၅ ၈။ International News.

၃း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ

၄း၃၀ ၃။ English ForEverydayUse.

၄း၄၅ ၄။ တေးဂီတအစီအစဉ်

၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒ၊ရုက္ခဗေဒ အထူးပြုများ) (သတ္တဗေဒ)

၅း၁၅ ၆။ တေးသရုပ်ဖော်အစီအစဉ်

၅း၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ

၅း၄၀ ၈။ ကဆုန်လပြည့်နေ့တေးများ

၅း၅၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်

၆း၃၀ ၁၀။ ညနေခင်းသတင်း

၇း၀၀ ၁၁။ မိုးလေဝသအခြေအနေ

၇း၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ နှင်းပွင့် (အပိုင်း-၈)**

၇း၃၀ ၁၃။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား

၇း၄၀ ၁၄။ မဟာဝံသမြတ်ဗုဒ္ဓ(ဒုတိယပိုင်း) (ဗုဒ္ဓပါဝစနာ)

၈း၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ **မြန်မာဗီဒီယိုဇာတ်လမ်း နွယ်လိုတွယ်သောကြိုး(အပိုင်း-၂) (လွင်မိုး၊ နန္ဒာလှိုင်) [ဒါရိုက်တာ-ကိုဇော်(အရဏ်ဦး)]**

၁၉။ နောက်တစ်နေ့အစီအစဉ်

၂၀။ အစီအစဉ်ပြီး၏။

ရန်ကုန်မြို့တော်အတွင်း မြို့နယ်များနှင့် နယ်မြို့နယ်များတွင် လျှပ်စစ်ဓာတ်အား ခေတ္တပိတ်မည်

ရန်ကုန် မေ ၁

ရန်ကုန်မြို့ အလုံနှင့် ရွာမဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများသို့ ဓာတ်ငွေ့ပို့လွှတ်ပေးနေသော ညောင်တုန်း-ရွာမ (၁၄)လက်မဓာတ်ငွေ့ ပိုက်လိုင်း ပိုက်လိုင်းပေါင်းခြင်းလုပ်ငန်းများကို မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်းက မေ ၁ရက်၊ ၂ရက်နှင့် ၃ရက်တို့တွင် နေ့စဉ် နံနက် ၆နာရီမှ ညနေ ၆နာရီအထိ ဆောင်ရွက်မည်ဖြစ်သည်။

ယင်းလုပ်ငန်းဆောင်ရွက်စဉ် အလုံဓာတ်အားပေးစက်ရုံနှင့် ရွာမ ဓာတ်အားပေး စက်ရုံများမှ ဓာတ်အားပေးစက်များနှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်တို့ကို မေ ၁ရက်နှင့် ၂ရက်တို့တွင်လည်းကောင်း၊ ရွာမ စက်ရုံမှ ဓာတ်ငွေ့တာဘိုင်များကို မေ ၃ရက်အထိလည်းကောင်း ရပ်ထားမည် ဖြစ်သည်။ ထိုရက်များတွင် နံနက် ၆နာရီမှ ညနေ ၆နာရီအထိ နေရာဒေသ အချို့ကို လျှပ်စစ်ဓာတ်အား ခေတ္တပိတ်ထားမည်ဖြစ်ကြောင်းနှင့် ညနေ ၆နာရီ နောက်ပိုင်းအချိန်များတွင် ပုံမှန်အတိုင်း ဓာတ်အားဖြန့်ဖြူးပေးထားမည် ဖြစ်သည်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

မကွေး	၄၃ဒီဂရီစင်တီဂရိတ် (၁၀၉ဒသမ၄ ဒီဂရီဖာရင်ဟိုက်)
ညောင်ဦးမြို့	၄၂ဒီဂရီစင်တီဂရိတ် (၁၀၇ဒသမ၆ ဒီဂရီဖာရင်ဟိုက်)
မင်းဘူး	၄၂ဒီဂရီစင်တီဂရိတ် (၁၀၇ဒသမ၆ ဒီဂရီဖာရင်ဟိုက်)
အောင်လံ	၄၂ဒီဂရီစင်တီဂရိတ် (၁၀၇ဒသမ၆ ဒီဂရီဖာရင်ဟိုက်)
သာယာဝတီ	၄၂ဒီဂရီစင်တီဂရိတ် (၁၀၇ဒသမ၆ ဒီဂရီဖာရင်ဟိုက်)
ရန်ကုန်မြို့	၃၉ဒသမ၂ဒီဂရီစင်တီဂရိတ် (၁၀၃ဒီဂရီဖာရင်ဟိုက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မိုးမောက်မြို့နယ်နှင့် ဗန်းမော်မြို့တို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန်　　မေ　　၁

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် မြို့သစ်တပ်နယ်တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဗန်းမော်တပ်နယ်မှ ဗိုလ်မှူးချုပ်စိုးနွယ်နှင့်တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ၂၇ရက် နံနက်ဂနာရီခွဲတွင် မိုးမောက်မြို့နယ် မြို့သစ်တိုက်နယ်ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသောင်းနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အဖွဲ့ဝင်များနှင့် အတူ မြို့သစ်တိုက်နယ် ဆေးရုံ၏ခွဲစိတ်ခန်း၊ အမျိုးသမီးဆေးကုသဆောင်၊အမျိုးသား ဆေးကုသဆောင်နှင့်ပြင်ပလူနာဆောင် တို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ တိုက်နယ်ဆရာဝန် ဒေါက်တာဆန်းဝင်း က လိုက်လံရှင်းလင်းပြသသည်။

လိုအပ်ချက်ဖြည့်ဆည်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က မြို့သစ်တိုက်နယ် ဆေးရုံ အတွက် လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်သည် မြို့သစ်အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြ ရာ ကချင်ပြည်နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် သည် တိုးချဲ့နှစ်ထပ်ကျောင်းဆောင် သစ် ဆောက်လုပ်ရန် မြေနေရာရွေး ချယ်ထားခြင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများ အား မှာကြားသည်။

အလှူငွေပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က မြို့သစ် အခြေခံပညာ အထက် တန်းကျောင်း တိုးချဲ့နှစ်ထပ် ကျောင်း ဆောင်သစ် ဆောက်လုပ်ရေးအတွက် အလှူငွေကျပ် ငါးသိန်းကို ပေးအပ် လှူဒါန်းရာ ကျောင်းအုပ် ဆရာကြီး ဦးစိန်ယွန်းတန်ဂွန်းက လက်ခံသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုးမောက် မြို့နယ် မန်ပုံကျေးရွာအနီးရှိ မိုးမောက်-နမ့်ဆိုင်လမ်းပေါ်တွင် တည်ဆောက် လျက်ရှိသည့် နန့်ကျရီချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းကို သွား ရောက် ကြည့်ရှုစစ်ဆေးရာ ဗန်းမော် ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်အား ခရိုင်ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင် နီယာမှူးဦးညီညီက နန့်ကျရီချောင်း တံတား တည်ဆောက်ရေး လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးဗိုလ်ချုပ် မောင်မောင်ဆွေက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

လုပ်ငန်းပြီးစီးမှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အဖွဲ့ဝင်များနှင့် အတူ နန့်ကျရီချောင်းတံတား တည်ဆောက် ပြီးစီးမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ နန့်ကျရီချောင်းတံတား သည် အလျားပေ ၃၁၀ ရှိသည်။ ကမ်း ကပ်ခုံနှင့် ရေလယ်တိုင်ဆောက်လုပ် ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင် ရွက်ပြီးစီးလျက်ရှိပြီး တံတားတစ်စင်း လုံး၏ လုပ်ငန်းပြီးစီးမှုမှာ ၅၀ရာခိုင်နှုန်း ဖြစ်ကြောင်းသိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကျန်းမာရေး ဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ဗန်းမော်မြို့ သူနာပြုနှင့်သားဖွားသင်တန်း ကျောင်းသို့ ရောက်ရှိကြရာ ဆေးသိပ္ပံ ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွဲ့နွဲ့ခင်၊ ကျောင်းအုပ် ဒေါ်လီယိုနီ နှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများက ကြိုဆိုကြသည်။

ထို့နောက် သူ့ရိယဆောက်လုပ်ရေး ကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မျိုးမင်းက ဗန်းမော်မြို့ သူနာပြု နှင့် သားဖွားသင်တန်းကျောင်း ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက် ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ် သည်များကို မှာကြားသည်။ ဗန်းမော်မြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ဆောက်လုပ်မှုလုပ်ငန်းမှာ ၉၂ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဗန်းမော် ဒီဂရီကောလိပ် တည်ဆောက်ရေး စီမံကိန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးကြရာ ကျောင်းအုပ်ကြီးဦးခင် မောင်တင့်နှင့် ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသူ များက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်အား ပင်မဆောင်ရှိ သင်တန်း ရေးရာဌာန၌ ကျောင်းအုပ်ကြီး ဦးခင် မောင်တင့်နှင့် ဒေသအုပ်စုကုမ္ပဏီ လီမိတက် မန်နေဂျာဦးယုတင်တို့က ပညာသင်ကြားရေးဆိုင်ရာ ကိစ္စ၊ တည်ဆောက်ရေးလုပ်ငန်းများကိစ္စနှင့် လိုအပ်ချက်များကို တင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အဖွဲ့ဝင်များနှင့် အတူ ဗန်းမော် ဒီဂရီကောလိပ် အတွင်း ဆောက်လုပ်ပြီးစီးသွားသော လုပ်ငန်း များကို ကြည့်ရှုစစ်ဆေးကာ လိုအပ် သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဗန်းမော်ဒီဂရီကောလိပ် အတွင်း တည်ဆောက်ရေးလုပ်ငန်းများ တိုးတက်မှု အခြေအနေကို မော်တော် ယာဉ်ဖြင့်လိုက်လံကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ် ကြီးရဲမြင့်သည် မွန်းလွဲပိုင်းတွင် ဗန်းမော်မြို့ မြို့တော်ခန်းမ၌ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ များမှတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမ များ၊ ဗန်းမော်မြို့ သူနာပြုနှင့် သားဖွား သင်တန်းကျောင်းမှ သင်တန်းသူများ နှင့်တွေ့ဆုံသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ကချင်ပြည်နယ် မြို့သစ်အခြေခံပညာအထက်တန်းကျောင်း တိုးချဲ့နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရေး အတွက် အလှူငွေများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဗန်းမော်ခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှသောင်းက ဗန်းမော်ခရိုင်၏ စီမံခန့်ခွဲရေး၊ စီးပွား ရေးနှင့် လူမှုရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာ စကားပြောကြားရာတွင်-

ဗန်းမော်ခရိုင်အနေဖြင့် ဝမ်းစာဖူလုံ မှုရှိသော်လည်း ဗန်းမော်မြို့နယ်၌ ဝမ်းစာဖူလုံမှုမရှိသေးကြောင်း၊ ဝမ်းစာ ဖူလုံအောင် ခရိုင်နှင့်မြို့နယ်မှ တာဝန်ရှိ သူများသည် စိုက်ပျိုးနိုင်သည့် မြေ လွတ်မြေရိုင်းများ ရှာဖွေဖော်ထုတ်ခြင်း၊ စိုက်ပျိုးရေ ရရှိနိုင်မည့် နေရာများ ရှာ ဖွေခြင်း၊ တစ်သီးစားမှသည် နွေစပါး၊ မိုးစပါး၊ သီးထပ်၊ သီးညှပ်များကို သမားရိုးကျ စိုက်ပျိုးရေးနည်းလမ်းများ အသုံးပြုခြင်းအပြင် ထွန်ယက်ရိတ်သိမ်း နိုင်သော ခေတ်မီစက်ကိရိယာများကို လည်း အသုံးပြုသွားရန်လိုကြောင်း။

တစ်ဖက်တွင်လည်း စပါးစိုက်ပျိုး ရန် မရသည့်မြေနေရာများတွင် နှစ်ရှည် သီးနှံပင်များ စိုက်ပျိုးသွားကြရန် လိုကြောင်း၊ ထိုကဲ့သို့ လိုက်နာ ဆောင်ရွက်ခြင်းဖြင့် ဗန်းမော်မြို့နယ် တွင် ဒေသဝမ်းစာ ဖူလုံလာမည့်အပြင် ပိုလျှံလာမည်ဖြစ်ကြောင်း၊ ဗန်းမော် မြို့နယ်တွင် တာဝန်ရှိသူများ အနေဖြင့် မိမိဒေသအတွင်း ရေအားလျှပ်စစ်ထုတ် လုပ်နိုင်မည့်နေရာများကို ရှာဖွေလုပ် ကိုင် သွားကြရန်လိုကြောင်း။

စေတနာအပြည့်ထား

ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ တာဝန် ထမ်းဆောင်ရာဒေသ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက် ရာတွင် ဒေသခံပြည်သူများနှင့် လက် တွဲ၍ စေတနာအပြည့်အဝထားကာ လုပ်ဆောင်သွားကြရန် တိုက်တွန်းပြော ကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် အတူ ထိုနေ့နံနက်၆နာရီခွဲတွင် ကချင်ပြည် နယ် မိုးမောက်မြို့နယ် မြို့သစ်တပ်နယ် အတွင်းရှိ တပ်ရင်းများမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား မိုးကြိုးခန်းမ၌ တွေ့ဆုံမှာကြားသည်။

မှာကြား

တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က တပ်တွင်းစိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ နိုင်ငံတော်က ချမှတ်ထားသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ် အောင်မြင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ကြ ရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်မောင် မောင်ဆွေနှင့်အတူ မြို့သစ်တပ်နယ် အတွင်းရှိ တပ်ရင်းများ၏ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို လိုက်လံကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

ဗန်းမော်ဒီဂရီကောလိပ်

ကချင်ပြည်နယ် ဗန်းမော်ဒီဂရီကောလိပ် တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

အထူးအယူခံခုံရုံး ရုံးထိုင်

ရန်ကုန်　　မေ　　၁

ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်(ရန်ကုန်) တရားသူ ကြီးများဖြစ်ကြသော ဦးခင်မြင့်နှင့် ဒေါက်တာတင်အောင်အေးတို့ ပါဝင်သော အထူးအယူခံ ခုံရုံးသည် ယမန်နေ့နံနက် ၁၀နာရီတွင် တရားရုံးချုပ်(ရန်ကုန်)ရုံးခန်း အမှတ်(၁)၌ရုံးထိုင်၍ တရားမအထူးအယူခံမှု ငါးမှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ၂၀၀၀ပြည့်နှစ်တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ တင်သွင်းသည့် တရားမအထူးအယူခံမှု သုံးမှုကိုလည်း ရုံးထိုင်ကြားနာကြသည်။

(သတင်းစဉ်)

ဗဟန်းမြို့နယ်အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၁

ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်သည် ယမန်နေ့နံနက်ပိုင်းက ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် ကမ္ဘာအေးစေတီလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ် လမ်းဆုံရှိ ဝါဝါဝင်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းသော အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း ဗဟန်းမြို့နယ်ခြောက်ထပ်တိုက်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဦးသန်းရွှေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဥက္ကဋ္ဌများ၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံ့ကျော်၊ အလှူရှင်များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘဆရာအသင်းအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ဝါဝါဝင်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာဦးရွှေလှိုင်က ဆရာ၊ ဆရာမများ ကျောင်းဝတ်စုံအတွက် ကျပ်သုံးသိန်း၊ ကျောင်းစာကြည့်တိုက်အတွက် ကျပ်ငါးသိန်း၊ မာလ်တီမီဒီယာအတွက်ကျပ်သိန်း၃၀ စုစုပေါင်း ကျပ်၃၈သိန်းကို ပေးအပ်လှူဒါန်းရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က လက်ခံယူသည်။

ဝါဝါဝင်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းသော ခြောက်ထပ်ကျောင်းဆောင်သစ်ကြီးမှာ အလျားပေ၁၅၀၊ အနံ၄၆ပေရှိပြီး ဧရိယာ စတုရန်းပေပေါင်း၆၇၇၅ ပေဖြစ်ပြီး မြေညီထပ်တွင် စုဝေးခန်းမ၊ စာကြည့်တိုက်၊ အစည်းအဝေးခန်းမ၊ ဆေးပေးခန်းနှင့် ကျောင်းအုပ်ကြီးရုံးခန်းများပါဝင်သည်။ ပထမထပ်မှ ပဉ္စမထပ်ရှိ အထပ်တိုင်းတွင် ကျောင်းသား၆၀ဆံ့စာသင်ခန်းနှစ်ခန်း၊ ကျောင်းသား ၄၀ ဆံ့ စာသင်ခန်း လေးခန်း စုစုပေါင်း စာသင်ခန်း၂၀တွင် ကျောင်းသား ၁၀၀၀ စာသင်နိုင်ပြီး သောက်ရေသန့်စနစ်၊ တစ်ထပ်လျှင် သန့်စင်ခန်းငါးခန်းပါဝင်ပြီး ခြောက်ထပ် ကျောင်းဆောင်သစ်ကြီး၏ တန်ဖိုးမှာ ကျပ် ၃၃၂၈၂၀၀၀၀ ဖြစ်ကြောင်း သိရ သည်။ (သတင်းစဉ်)

ဝါဝါဝင်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်က ပညာရေးဝန်ကြီးဌာနသို့ ဆောက်လုပ်လှူဒါန်းသော ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၁)အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်အား ဖွင့်ပွဲအပြီး ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။ (ပညာရေး)

ပေးအပ်လှူဒါန်း

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်အားဝါဝါဝင်းအင်တာနေရှင်နယ် ကုမ္ပဏီ လီမိတက်မှ မန်နေဂျင်း ဒါရိုက်တာ ဦးရွှေလှိုင်က ကျောင်းအတွက် အသုံးပြုရန် အလှူငွေကျပ် ၃၈ သိန်းကို ပေးအပ်လှူဒါန်းစဉ်။ (ပညာရေး)

အလိုတော်ပြည့်ကျောင်းတိုက် ဆဋ္ဌမအကြိမ် နွေရာသီဓမ္မာစရိယ သင်တန်းဖွင့်မည်

ရန်ကုန် မေ ၁

ရန်ကုန်မြို့ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်နာယကချုပ်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဝါကျဥယျာဉ်ကျမ်းပြုဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသသည် ဆဋ္ဌမအကြိမ် နွေရာသီဓမ္မာစရိယသင်တန်းကို တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိဓမ္မရိပ်သာ အလိုတော်ပြည့် ကျောင်းတိုက်၌ ၁၃၆၆ ခု၊ ကဆုန်လဆန်း ၆ ရက်၊ မေ ၂၄ ရက် (စနေနေ့)မှစ၍ တစ်လ ဖွင့်လှစ်ပို့ချသင်ကြားမည်ဖြစ်သည်။

နေ့စဉ် မွန်းလွဲ ၁နာရီမှ ၂နာရီထိ တစ်ကြိမ်၊ မွန်းလွဲ၂နာရီခွဲမှ ၃နာရီခွဲထိ တစ်ကြိမ် တစ်နေ့လျှင် နှစ်ကြိမ်စီ ပို့ချလျက် ရှိသည်။

(က-ပ)

ရွှေရတုဝိဇာတမွေးနေ့ကျင်းပမည်

ရန်ကုန် မေ ၁

နိုင်ငံတော်အစိုးရက သဒ္ဓမ္မဇောတိက ဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့်ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်ကုမာရာရာမတိုက် ရေနံ့သာတောရပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တပညာသာမိထေရ်၏ ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာနှင့် နှစ်(၅၀)ပြည့် ကုမာရာရာမတိုက် ရွှေရတုမင်္ဂလာဆရာတော်၏ နှစ်(၅၀)ပြည့် ရွှေရတုဝိဇာတမွေးနေ့နှင့် အလှူရှင်များ၏ သာသနိကဆိုင်ရာ လှူဒါန်းမှုများ ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားများကို မေ၃ရက် (ကဆုန်လပြည့်နေ့) နံနက်၅နာရီတွင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်ကုမာရာ ရာမတိုက် ဗုဒ္ဓဝိဟာရ ရွှေရတုဗိမာန်၌ ကျင်းပသွားမည် ဖြစ်သည်။

ပင့်သံဃာ၁၀၀ကျော်အား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ အနယ်နယ် အရပ်ရပ်မှ လာရောက်ကြသည့် ဧည့်ပရိသတ်အပေါင်းအားစတုဒိသာဧည့်ခံကျွေးမွေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး ပင့်သံဃာ၁၀၀ကျော်တို့အား ခရီးဆောင်အိပ်တစ်လုံးကျပ်၇၀၀၀နှုန်း၊ သင်္ကန်းဒွိစုံ(စီဝိုင်စီ) ကျပ်၃၅၀၀နှုန်း၊ ထီးတစ်လက် ကျပ် ၁၀၀၀နှုန်း၊ ဖိနပ်တစ်ရန်ကျပ်၁၅၀၀နှုန်း၊ ခြင်းတစ်လုံး ကျပ်၅၀၀နှုန်း၊ ဆပ်ပြာ၊ ဆပ်ပြာခွက်၊ သွားတိုက်တံတစ်စုံ ကျပ်၁၅၀၀နှုန်းဖြင့် တစ်ပါးချင်း လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဧပြီ၉ရက်က ကရင်ပြည်နယ် မြဝတီခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပရာ မြဝတီခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်မြင့် ထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။
(ဟ-ပ)

ကင်ဆာဝေဒနာရှင်များအား တေးသံသာများဖြင့် ဖျော်ဖြေ

ရန်ကုန် မေ ၁

ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းရှိ ကင်ဆာဝေဒနာရှင်များအား စတီရီယိုတေးသံရှင်စိုးပိုင်နှင့် အဖွဲ့က (၃)ကြိမ်မြောက် တေးဂီတဖျော်ဖြေမှုအဖြစ် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟို၌ တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြပြီး စတီရီယို တေးသံရှင်စိုးပိုင်နှင့်မိသားစုကငွေကျပ်သုံးသောင်းနှင့် ဒေါ်အိုင်လင်းက ငွေကျပ်တစ်သောင်းတို့ကို တာဝန်ရှိသူထံ ပေးအပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

မြန်မာ နိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယ အကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးအား ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရိုးရာ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌသီရိသုဓမ္မသိင်္ဂီ ဒေါ်မိမိခင်က ဧပြီ ၂၉ရက်တွင် ငွေကျပ် ၁၀၀၀၀၀ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဒုတိယဥက္ကဋ္ဌ(၁) ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)က လက်ခံစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားတော်မူမည်

ရန်ကုန် မေ ၁

၁၃၆၆ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) မေ ၃ ရက် (တနင်္လာနေ့) နံနက်၁၀နာရီတွင် ဆိပ်ကမ်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တသောဘိတအရှင်သူမြတ်က သီလပေးတရားတော်များကိုလည်းကောင်း၊ မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ထဝင်ကျောင်း ဦးစီးပဓာန နာယက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝါယာမိန္ဒ အရှင်သူမြတ်က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကိုလည်းကောင်း ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံကြီး၌ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လေးဒေါင့်ကန် စံပြကျေးရွာ အလကတွင် ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အတွက် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲကို ဧပြီ၂၃ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီက ကျောင်းသူတစ်ဦးအားသင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။(ပြန်/ဆက်)

တရားခွင်လက်တွေ့ သရုပ်ပြအခမ်းအနားနှင့် အမှုလိုက်လုပ်ငန်းဝင်သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၁

ပြည်ထဲရေးဝန်ကြီးဌာန တရားခွင်လက်တွေ့သရုပ်ပြ အခမ်းအနားနှင့် အမှုလိုက် လုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၃/၂၀၀၄)ဆင်းပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း အောင်သပြေရဲရိပ်သာအားကစားခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင် တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်၊ ဒုတိယရှေ့နေချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရဲမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်း၊ခရိုင် တရားသူကြီးများ၊ တိုင်းအဆင့် ဥပဒေသအရာရှိများ တက်ရောက်ကြသည်။

တက်ရောက်

သင်တန်းသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၂၈၇ ဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သင်တန်းသား ၁၂၆ ဦးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရန်ကုန်တိုင်းအတွင်းရှိ လမ်းတံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်-သန်လျင်-သုံးခွ-ခရမ်း-ပဲခူးလမ်းကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဝန်ကြီးသည် သန်လျင်-သုံးခွ လမ်းအပိုင်းနှင့် လက်ရှိလမ်းအဆင့်မြှင့်တိုးတက်ပြုပြင်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ သုံးခွ-ခရမ်း လမ်းအပိုင်းနှင့် လမ်းသားတိုးချဲ့ရန်အတွက် လမ်းဘေးတာပေါင်ကို မြေဖို့ခြင်း လုပ်ငန်းပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများကိုလည်းကောင်း လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံ အင်ဂျင်နီယာများအား လုပ်ငန်းများကို မိုးမကျမီ အမြန်ဆုံးပြီးစီးရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရန်၊ မြေဖို့ခြင်းလုပ်ငန်းများကိုလည်း သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း သိပ်သည်းမှုရရှိရေး စနစ်တကျ ခင်းကြိတ်ဆောင်ရွက်ကြရန်၊ လမ်းပျက်စီးမှုမရှိစေရေးအတွက် လမ်းဘေးရေထုတ်မြောင်းများ၊ ရေထုတ်ပြွန်များ ပိတ်ဆို့နေမှု မရှိစေရေး ကြိုတင်ဆောင်ရွက်ထားကြရန်၊ လမ်းခင်းကျောက်များကိုလည်း စုဆောင်းထားကြရန် မှာကြားသည်။

ထို့နောက် လိုအပ်မည့် စက်၊ ယာဉ်ယန္တရားများ၊ လမ်းခင်းပစ္စည်းများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

တနင်္သာရီတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး တိုင်းဦးစီးဌာနမှူး ရုံးအဆောက်အအုံသစ် ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်သည် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ငွေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၆ရက်တွင် တနင်္သာရီတိုင်း မြိတ်မြို့သို့ရောက်ရှိပြီး အသစ်ဆောက်လုပ်ပြီးစီးသွားသော တိုင်းဦးစီးဌာနမှူးရုံး အဆောက်အအုံသစ်ကို ကြည့်ရှုစစ်ဆေးသည်။

မြိတ်မြို့ရှိ တနင်္သာရီတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူး ရုံးသစ်အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ငွေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (လဝက)

မှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမောင်အောင်နှင့်အဖွဲ့သည် မြိတ်မြို့ ကမ်းနားတစ်လျှောက် ရေဆိပ်များသို့ သွားရောက်ပြီး ဆိပ်ကမ်းများသို့ ခရီးသည်တင်သင်္ဘောများ၊ ပြည်တွင်း ငါးဖမ်းသင်္ဘောများ၊ နိုင်ငံခြား ငါးဖမ်းသင်္ဘောများ ဝင်/ထွက် သွားလာမှု အခြေအနေ၊ နိုင်ငံခြားသား မတရားဝင်ရောက်မှု ကာကွယ်ရေးအဖွဲ့ မ-က-ဖ များ၏ ဆောင်ရွက်လျက်ရှိသော နိုင်ငံခြားသားများ ဝင်ရောက်/ထွက်ခွာမှု စစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံခြားသား ဝင်/ထွက်မှုများ စစ်ဆေးရာတွင် လွယ်ကူလျင်မြန်စေရေး၊ နိုင်ငံသားများ တရားမဝင် ဝင်ရောက်/ထွက်ခွာမှုများ မဖြစ်ပေါ်စေရေးနှင့် မသမာမှုများ မဖြစ်ပေါ်စေရေးအတွက် ဒေသအာဏာပိုင်များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။ ယင်းနောက် အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများ၊ မ-က-ဖ ဝန်ထမ်းများအား တွေ့ဆုံပြီးလုပ်ငန်းဆိုင်ရာများ မှာကြားသည်။

တနင်္သာရီတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ရုံးသစ်အဆောက်အအုံဖွင့်ပွဲကို ဧပြီ ၂၇ရက် နံနက်ပိုင်းတွင် အဆိုပါရုံးရှေ့၌ကျင်းပရာ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်က ရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် ဒုတိယဝန်ကြီး ဦးမောင်အောင်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးမောင်ငွေးတို့က တိုင်းရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားသို့ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဒုတိယဝန်ကြီး ဦးမောင်အောင်နှင့် အဖွဲ့သည် ဧပြီ ၂၈ရက်တွင် ထားဝယ်ခရိုင် ဦးစီးဌာနမှူးရုံး၌ တိုင်းဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူး၊ မြို့နယ်ဦးစီးဌာနမှူးများ၊ ဝန်ထမ်းများနှင့် မ-က-ဖ ဝန်ထမ်းများအား တွေ့ဆုံပြီး တိုင်းဦးစီးဌာနမှူး ဦးလှဒေါင်း၊ ခရိုင်ဦးစီးဌာနမှူး ဦးရှိန်ဝင်းတို့၏ ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမောင်အောင်သည်ထားဝယ်ဆိပ်ကမ်းသို့ သွားရောက်ပြီး သင်္ဘောများ ဝင်/ထွက် သွားလာမှု အခြေအနေ၊ မ-က-ဖ အဖွဲ့များက ဆောင်ရွက်လျက်ရှိသော နိုင်ငံခြားသားများ ဝင်ရောက်/ထွက်ခွာမှု စစ်ဆေးခြင်း လုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် လောင်းလုံနှင့် သရက်ချောင်းမြို့နယ် ဆိပ်ကမ်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)

တရားအလှူပေးဝေမည်

ရန်ကုန် မေ ၁

ဗုဒ္ဓဘာသာ၏ အနှစ်သာရနှင့် ချမ်းသာအစစ်ဖြစ်သော နိဗ္ဗာန်ခရီးအတွက် ရှင်းလင်းလွယ်ကူသော ဝိပဿနာ အားထုတ်နည်းများ ပြန့်ပွားစေရန် ရည်ရွယ်၍ အမှတ် (၁၂၆) (၃-လွှာ)၊ ၃၈လမ်း၊ ရန်ကုန်မြို့ ဖုန်း-၂၅၀၇၀၀၌ တည်ရှိသော အဝိဇ္ဇာမှ ဝိဇ္ဇာသို့ တရားအလှူတော်လုပ်ငန်း၏ လုပ်ငန်းခွဲ (၂၅)ကို အမှတ် (၁၇၉)၊ ရတနာမာရ်အောင်လမ်း၊ ကရပ်ပြင်ရပ်ကွက်၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၁၀၉၄ ၌လည်းကောင်း၊ လုပ်ငန်းခွဲ (၂၆)ကို ဒေါ်ထားမေ စက်ဝင်း(၃) ထပ်တိုက်၊ တာကလေးရပ်၊ ဟင်္သာတမြို့၊ ဖုန်း- ၀၄၄-၂၂၀၇၀၌ လည်းကောင်း၊ လုပ်ငန်းခွဲ (၂၇)ကို ကျော်ဆေးခန်း၊ အမှတ်(၄၆)၊ ဥယျာဉ်လမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁-၅၃၄၀၀၄ ၌လည်းကောင်း၊ လုပ်ငန်းခွဲ (၂၈)ကို အမှတ် (၂၀၇)၊ ၁၉ လမ်း၊ (၈၂ × ၈၃ လမ်းကြား)၊ မန္တလေးမြို့၊ ဖုန်း- ၀၂-၆၄၀၇၄ ၌ လည်းကောင်း၊ လုပ်ငန်းခွဲ (၂၉)ကို ဝတ်မှုံငွေထည်အရောင်းဆိုင်၊ ဆိုင်အမှတ် (၄၉၀)၊ အရှေ့ဘီရုံ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၄၁၄၉၌လည်းကောင်း ဖွင့်လှစ်ထားသည်။ ယင်းနေရာများ၌ သစ္စာတရားခွေနှင့် တရားစာအုပ်များကို မည်သူမဆို ဓမ္မဒါန အခမဲ့ ငှားရမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆) ရပ်ကွက်၊ ဘောက်ထော်၊ စွန်းလွန်းဂူကျောင်းလမ်း၊ လမ်းသွယ် (၂)၊ အမှတ်(၁၀)နေ ဦးလှချစ်တင်၊ ဒေါ်ကြည်ယဉ်၊ (သား) ဦးတင်လွန်းဦး၊ ဒေါ်လေးမာဦး၊ (သမီး) ဒေါက်တာတင်မိုးသူ၊ ဒေါက်တာစိန်ဝင်း၊ (သမီး) ဒေါက်တာတင်ဟန်ထွေး၊ (မြေး) မောင်တင်ကျော်ကိုကို၊ မတင်အိမ့်ငယ်ငယ်၊ မခိုင်ဇင်ဝင်းတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်လေးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဧပြီ ၂၃ရက်က အလက(၄) မင်္ဂလာဒုံကျောင်း၏ ၂၀၀၃/၂၀၀၄ ပညာသင်နှစ်အတွက် အလယ်တန်းနှင့် မူလတန်းအဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးရဲထွန်းက အဋ္ဌမတန်းကျောင်းသူ မဝါဝါနွယ်အား ပညာသင်ယူ ပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (က-ပ)

၂၀၀၄ခုနှစ် ပထမအကြိမ် ဘီဘီဘီဖလား အလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ လမ်းညွှန်ချက်အရ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၄ခုနှစ် ပထမအကြိမ် ဘီဘီဘီဖလား အလွတ်တန်းပိုက်ကျော်ခြင်း (REGU) ပြိုင်ပွဲကို ဇွန် ၂ရက်မှ ၆ရက်အထိ မန္တလေးမြို့ ဗထူးကွင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဆုကြေးမှာ ပထမ ကျပ်နှစ်သိန်း၊ ဒုတိယကျပ်တစ်သိန်းခွဲ၊ တတိယ ကျပ်တစ်သိန်းနှင့် စတုတ္ထ ကျပ်ငါးသောင်းဖြစ်သည်။

သတ်မှတ်ထား

မြန်မာနိုင်ငံပိုက်ကျော်ခြင်း လက်ရွေးစင် ဖြစ်ဖူးသူများ ပါဝင်ယှဉ်ပြိုင်ခွင့် မရှိကြောင်းနှင့် ပြိုင်ပွဲဝင်ကြေး ငွေကျပ် ၁၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

စာရင်းပေးသွင်းရန်နှင့် အသေးစိတ် သိရှိလိုသည်များကို မန္တလေးတိုင်း အားကစားနှင့် ကာယပညာကော်မတီနှင့် အမှတ် (၂၉၂) ၇၆လမ်း (၂၆×၂၇) လမ်းကြား မန္တလေးမြို့ ဖုန်း ၀၂-၃၃၆၁၉၊ ၀၂-၂၅၆၂၃၊ ၀၂-၆၁၄၈၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ ပြည်ပလေ့လာရေးခရီး အတွေ့အကြုံ ရှင်းလင်း

ရန်ကုန် မေ ၁

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့နှင့် ဂျပန်နိုင်ငံ ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်းတို့က ကြီးမှူးကျင်းပသော နိုင်ငံ့ဝန်ထမ်းများ အရည်အသွေး တိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ (၂၀၀၃)နှင့် ဆက်စပ်၍ ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီး သွားရောက်ခဲ့ကြသည့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ် ၃၀တို့၏ ပြည်ပလေ့လာရေးခရီး အတွေ့အကြုံ ရှင်းလင်းတင်ပြပွဲကို ဧပြီ ၂၈ရက် နံနက်၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဗိုလ်မှူးကြီး အောင်ဆန်းဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့သည့် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ် ဗိုလ်မှူးကြီးဝင်းမောင်နှင့် ကိုယ်စားလှယ် အဖွဲ့ဝင်များကလည်းကောင်း၊ မလေးရှားနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့သည့် ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဗိုလ်မှူးကြီး အောင်ဆန်းဝင်းနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များကလည်းကောင်း၊ ထိုင်းနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့သည့် ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီး ဇော်မင်းသိန်းနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များက လည်းကောင်း ပြည်ပလေ့လာရေးခရီး အတွေ့အကြုံများကို ရှင်းလင်းတင်ပြကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားကာ ညနေပိုင်းတွင် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရှခင်းစုံညီ မြန်မာပြည် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုပေးပွဲကျင်းပမည်

ရန်ကုန် မေ ၁

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ကြီးမှူးကျင်းပခဲ့သည့်"ရှုခင်းစုံညီ မြန်မာပြည်" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ မေ ၇ရက်တွင် ကျင်းပမည်ဖြစ်သည်။ ဆုရဓာတ်ပုံပညာရှင်များသည် မေ ၆ရက် နောက်ဆုံးထား၍ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန စီမံရေးနှင့်ဘဏ္ဍာရေးဌာနခွဲသို့ ဆက်သွယ်သတင်းပို့ကြရန်နှင့် ဆုပေးပွဲအခမ်းအနားသို့ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အဆိုပါ ဆုပေးပွဲရက်တွင် ပြိုင်ပွဲဝင် ဓာတ်ပုံပညာရှင်များ၏ ဆုရဓာတ်ပုံများကို ခင်းကျင်းပြသထားမည်ဖြစ်ရာ လာရောက်လေ့လာ ကြည့်ရှုနိုင်သည်။ (သတင်းစဉ်)

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ ရွှေမာလာရိပ်မွန်နေ (ဗိုလ်မှူးသိန်းအောင်) (အထွေထွေမန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း) (ငြိမ်း)–ဒေါ်တင်တင်တို့၏သား

ဗိုလ်ကြီးညွှန့်အောင်(ငြိမ်း) (B.Sc., D.S.A)
ဒုတိယအထွေထွေမန်နေဂျာ
မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊အင်းယားမြိုင်လမ်း၊ အမှတ်(၃၁)နေ ဦးရဲညွှန့် (Managing Director. Ray Neon Co., Ltd.)–ဒေါ်ခင်စန်းသင်း(အထက်တန်းပြ–ငြိမ်း)တို့၏ သမီးထွေး

မယမင်းညွှန့် B.Sc (Zoology)
Diploma in Computer Arts.
(Director. Ray Neon Co., Ltd.)

တို့၏၁–၅–၂၀၀၄ရက်နေ့ Sedona Hotel တွင် ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲ၌ မင်္ဂလာပန်းကုံးချီးမြှင့်ပေးသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် ဇနီး ဒေါ်အေးပြည့်ဝေခင်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့အားလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ဇနီး ဒေါ်ကြည်ကြည်ဝင်းအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မယဉ်နွယ်ထွန်း၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော သမီး ဆုပြည့်စန္ဒီနှင့်ထက်ဝသုန်အောင်၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်အလှပြုပြင်ပေးသော မိတ်ကပ်အောင်အောင်၊ စန္ဒရားတင်ကိုကိုနှင့် နိုင်ငံကျော်အဆိုတော်များအား လည်းကောင်း၊ ဓာတ်ပုံဗီဒီယိုဝဏ္ဏခွာနီ၊ အခမ်းအနားမှူးဦးကျော်စိုးဦးနှင့် ကြွရောက် ချီးမြှင့်ပေးသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ Sedona Hotel ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသော သူငယ်ချင်းများအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးညွှန့်အောင်(ငြိမ်း)–မယမင်းညွှန့်။

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊သာကေတမြို့နယ်၊ ရေဝဏ်လမ်း၊ မြခွာညိုအိမ်ရာ၊ အမှတ်(၆၆–က/၁)နေ ဒေါက်တာဦးဘသောင်း(တာဝန်ခံဆရာဝန်ကြီး–ငြိမ်း၊ မူးယစ်ဆေးစွဲရောဂါ ကုသရေးနှင့် သုတေသနဌာန၊ စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန်မြို့)နှင့် ဒေါ်ကျင်စိန်(သုခဝတီအထူးကုဆေးခန်း)တို့၏ သားကြီး

ဒေါက်တာအောင်နိုင်ဝင်း (M.B.,B.S)
Managing Director
ရွှေပုံ ပုံနှိပ်လုပ်ငန်း

နှင့်

ရန်ကုန်မြို့၊ အမှတ်(၁၇–စီ)၊ ပြည်ထောင်စုလမ်း၊ ဗဟန်းမြို့နယ်နေ ဦးကျော်ရှိန်၊ဒေါ်လှကြူ (သန္တာကျော်ပုံနှိပ်တိုက်)တို့၏သမီး၊

မသန္တာကျော် B.Sc(Zoology)
သန္တာကျော်ပုံနှိပ်တိုက်

တို့၏၁–၅–၂၀၀၄ရက်(စနေနေ့)တွင် ရန်ကုန်မြို့ Traders Hotel (Myanmar Ballroom) ခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်သော ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့်ဇနီး ဒေါ်ခင်လှလှ၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ဝန်ကြီးချုပ်ရုံးဝန်ကြီး ဦးသန်းရွှေနှင့်ဇနီး ဒေါ်ရင်ရင်မြ၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေနှင့်ဇနီး ဒေါက်တာမြမြစန်း၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဦးခင်မောင်အေးနှင့်ဇနီး ဒေါ်ခင်နီ၊ ကြွရောက်ချီးမြှင့်ကြသော ဌာနဆိုင်ရာ အရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ရပ်ဝေးရပ်နီးမှ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့် ဒေါက်တာအောင်နိုင်ဝင်း–မသန္တာကျော်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းရှင်းလင်း

ရန်ကုန် မေ ၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် စည်းရုံးရေးလုပ်ငန်းအဖွဲ့မှ အကြံပေးပုဂ္ဂိုလ်များနှင့် အဖွဲ့ဝင်များပါဝင်သောအဖွဲ့သည် ဧပြီ ၂၉ရက်တွင် ကမာရွတ်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့သွားရောက်၍ ဘီအီးဒီ ဒုတိယနှစ် စာပေးစာယူသင်တန်းများတွင် တက်ရောက်လျက်ရှိသော ပြည်နယ်နှင့် တိုင်းအသီးသီးမှ ဆရာမများအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း ရှင်းလင်းပြောကြားကြသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးလုပ်ငန်းအဖွဲ့မှ အကြံပေးပုဂ္ဂိုလ် ဒေါ်မြင့်မြင့်အေးက နှုတ်ခွန်းဆက်စကားပြောကြားပြီး အကြံပေးပုဂ္ဂိုလ်ပါမောက္ခ ဒေါ်ခင်ဆွေမြင့်က မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဖြစ်ပေါ်လာပုံ၊ဖွဲ့စည်းပုံအဆင့်ဆင့်၊ရည်ရွယ်ချက်များနှင့် အဖွဲ့ဝင်အဖြစ်ဝင်ရောက်နိုင်ပုံကိုလည်းကောင်း၊ စည်းရုံးရေးလုပ်ငန်းအဖွဲ့ဝင်ပါမောက္ခ ဒေါက်တာ သိန်းသိန်းမြင့်ကအဖွဲ့ချုပ်ရှိ လုပ်ငန်း ၁၆ရပ်၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး မေးမြန်းသည်များကို ဖြေကြားကြသည်။ (သတင်းစဉ်)

FAME Hepa-B®

အပူ "မိတ်" ပျောက်တဲ့
(ပန်းတော်ဝင်)
အသားအေး သနပ်ခါးလိမ်းပါ။
ပင်ရင်း–၂၇၉ အလယ်ရွှေဂုံတိုင်လမ်း၊ ဗဟန်း၊ ရန်ကုန်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် (လှိုင်သာယာ)နှင့် မန္တလေးနည်းပညာတက္ကသိုလ်များတွင် ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွက် ၂၀၀၄ ခုနှစ်၊ မေလ(၂၇)ရက်နေ့တွင် စတင်ဖွင့်လှစ်မည့် အောက်ပါမဟာအင်ဂျင်နီယာဘွဲ့ သင်တန်းများအတွက် လျှောက်လွှာများခေါ်ယူအပ်ပါသည်။

ဖွင့်လှစ်မည့်သင်တန်းများ

(၁) M.E.(Civil)
(၂) M.E.(Mechanical)
(၃) M.E.(Electrical Power)
(၄) M.E.(Electronic)
(၅) M.E.(Information Technology)
(၆) M.E.(Mechatronic)
(၇) M.E.(Chemical)
(၈) M.E.(Mining)
(၉) M.E.(Textile)
(၁၀) M.E.(Petroleum)
(၁၁) M.E.(Metallurgy)
(၁၂) M.E.(Aeronautical)
(၁၃) M.E.(Architecture)

၂။ လျှောက်ထားလိုသူများသည် အောက်ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်။

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး (၃)ဦးစလုံးသည် မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) သက်ဆိုင်ရာ အဓိကဘာသာရပ်ဖြင့် B.E./B.Arch. ဘွဲ့ရရှိပြီး၊ မဟာအင်ဂျင်နီယာသင်တန်းသို့ တက်ရောက်ရန် အဆင့်မီသူများသာ လျှောက်ထားနိုင်သည်။
(ဂ) သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) သင်တန်းစတင်မည့် (၂၇–၅–၂၀၀၄)ရက်နေ့တွင် အသက်(၃၅)နှစ် ထက်မကျော်လွန်သူများ လျှောက်ထားနိုင်သည်။
(င) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်တင်ပြရမည်။

၃။ မန္တလေးနည်းပညာတက္ကသိုလ်တွင် အောက်ပါနည်းပညာတက္ကသိုလ်/နည်းပညာကောလိပ်များမှ အောင်မြင်သူများကို လက်ခံသင်ကြားပေးမည်ဖြစ်၍ အဆိုပါ နည်းပညာတက္ကသိုလ်/နည်းပညာကောလိပ်များမှ အောင်မြင်သူများသည် မန္တလေးနည်းပညာတက္ကသိုလ်တွင် လျှောက်ထားရမည်။

မန္တလေးနည်းပညာတက္ကသိုလ်၊ မြစ်ကြီးနား GTC၊ ဗန်းမော် GTC၊ လားရှိုးGTC၊ ကလေးGTC၊ မုံရွာGTC၊ မန္တလေးGTC၊ ကျောက်ဆည်GTC၊ မိတ္ထီလာGTC ၊ မကွေးGTC ၊ ပခုက္ကူGTC ၊ အေးသာယာGTC၊ ကျိုင်းတုံGTC၊ လွိုင်ကော်GTC ၊ ပင်လုံGTC ၊

၄။ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် (လှိုင်သာယာ)တွင် အောက်ပါ နည်းပညာတက္ကသိုလ်/နည်းပညာကောလိပ်များမှ အောင်မြင်သူများကို လက်ခံသင်ကြားပေးမည်ဖြစ်၍ အဆိုပါ နည်းပညာတက္ကသိုလ်/ နည်းပညာကောလိပ်များမှ အောင်မြင်သူများသည် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်(လှိုင်သာယာ) တွင် လျှောက်ထားရမည်။

ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်(လှိုင်သာယာ)၊ ပြည်နည်းပညာတက္ကသိုလ်၊ တောင်ငူGTC၊ ပြည် GTC၊ စစ်တွေ GTC၊ ဟင်္သာတGTC၊ ပုသိမ်GTC၊ မော်ဘီ GTC၊ သန်လျင်GTC၊ မြိတ်GTC၊ မော်လမြိုင်GTC၊ မအူပင်GTC၊ ဘားအံ GTC၊ ထားဝယ်GTC၊

၅။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် သက်ဆိုင်ရာ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်(လှိုင်သာယာ)နှင့်မန္တလေးနည်းပညာတက္ကသိုလ်များတွင် (၁၄–၅–၂၀၀၄)ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။ အခြားသိလိုသည်များရှိပါက ရန်ကုန်နည်းပညာတက္ကသိုလ်(ကြို့ကုန်း) ဖုန်း–၀၁–၆၄၂၅၆၀၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်(လှိုင်သာယာ) ဖုန်း– ၀၁–၇၁၀၇၀၆နှင့် မန္တလေးနည်းပညာတက္ကသိုလ် ဖုန်း–၀၂–၈၈၇၅၆ ကျောင်းသားရေးရာဌာနများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဓါတ်ပုံဆို အစဉ်လှ ဘုရင်မ လက်ရာ
ဘုရင်မ
Digital Photo Studio III ကို 6.5.04 ဖွင့်ပါတော့မည်။
★ ဘွဲ့ရမောင်မယ်များအတွက် ဘွဲ့နှင်းသဘင်နှင့် အနီးဆုံးနေရာ ပြည်လမ်းမကြီးပေါ် အမှတ် (499)၊ D1၊ စိန်ရတုသဘင်ခန်းမရှေ့
★ နောက်ဆုံးပေါ် Digital ကင်မရာဖြင့် ရိုက်ကူးပေးပါသည်။
★ ဆိုင်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် 10"×14" (2)ပုံ ရိုက်လျှင် 10"×14"(1)ပုံလက်ဆောင်ပေးပါမည်(6.5.04 မှ 20.5.04အတွင်းသာ)
Ph:251262. 244065 ★ Booking လက်ခံနေပါပြီ။

U TUN LIN OO
B.Com; C.P.A; D.A (LCCI)
ACCA (Part III)
LCCI စာရင်းကိုင်သင်တန်း
Level I,II &III
May 30 စမည်။
☎-721820

မြို့ရွာတစ်ခွင် သာစေချင်
မီးတွင်မပေါ့နှင့်

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ ကျပ်ငွေဖြင့်ခန့်ထားရန်)

ဟိန်းစည် ထရေးဒင်းကုမ္ပဏီလီမိတက်၏ KANGZEN-KENKO INTERNATIONAL (MYANMAR)မှ မကြာမီဖွင့်လှစ်တော့မည့် အလှကုန်ပစ္စည်း ရောင်းချခြင်းလုပ်ငန်းနှင့် အလှပြင်လုပ်ငန်းအတွက် အောက်ပါဝန်ထမ်းများအလိုရှိသည်။

၁။	ညွှန်ကြားဝန်ထမ်း	ကျား(၂)ဦး၊မ(၂)ဦး
၂။	အရောင်းဝန်ထမ်း	ကျား(၂)ဦး၊မ(၂)ဦး
၃။	အလှပြင်ဝန်ထမ်း	မ(၄)ဦး
၄။	သိုလှောင်ရုံတာဝန်ခံ	ကျား(၂)ဦး
၅။	ယာဉ်မောင်း	ကျား(၃)ဦး
	ယာဉ်မောင်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။	
၆။	သန့်ရှင်းရေး	မ(၃)ဦး

အမှတ်စဉ်(၁)မှ (၄)အထိဒီပလိုမာ(သို့)တက္ကသိုလ်၊ ကောလိပ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ရုပ်ရည်သန့်ပြန့်ပြေပြစ်ရမည်။ အထက်ပါလုပ်ငန်းများကို စိတ်ဝင်စားသူများသည် ဤကြော်ငြာပါသည့်ရက်မှ ၇ရက်အတွင်း C.V Form များကို မိမိကိုယ်တိုင်လက်ရေးဖြင့် ဖြည့်စွက်ရေးသား၍ အလုပ်သမား မှတ်ပုံတင် မိတ္တူ၊ မကြာမီကရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၂)ပုံနှင့်အတူ အထောက်အထား စုံလင်စွာဖြင့် လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။ ထိုင်းဘာသာစကားကျွမ်းကျင်သူ ဦးစားပေးမည်။

ဆက်သွယ်ရန်လိပ်စာ – အမှတ်(၁၂/က)၊ အောင်မင်္ဂလာလမ်း၊ အောင်မင်္ဂလာအိမ်ရာ၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ရန်ကုန်မြို့။

STAEDTLER MARK
SAKURA T

ကျောက်ပန်းတောင်းမြို့ ရေကန်များသန့်ရှင်း

ကျောက်ပန်းတောင်း မေ ၂၈

ကျောက်ပန်းတောင်းမြို့ ပြည်သူများသို့ ရေပေးဝေလျက်ရှိသော သာယာအေးရပ်ကွက်ရှိ ရေဂါလန်ပေါင်း ၁၈၀၀၀၀ ဆံ့ ကန်ကြီးသုံးကန်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်းလျက် မေ ၂၀ ရက်က ကန်အတွင်း သန့်ရှင်းရေးဆောင်ရွက်ကြသည်။

အဆိုပါမြို့ ရေပေးဝေရေးကန်အတွင်း အမှိုက်သရိုက်များနှင့် ရေညှိများကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးဝင်းနှင့် လက်ထောက် အင်ဂျင်နီယာ(မြို့ပြ) ဦးဇော်မင်းဦးတို့က ကြည့်ရှုကြီးကြပ်ဆောင်ရွက်ကြသည်။

(၁၉၂)

မူလကမ္ဘာ့ဌာနစေတီတော် ပန္နက်တင်

မလှိုင် မေ ၂၈

မလှိုင်မြို့ ကျေးဇူးတော်ရှင် ရွှေပေါက်ကျွန်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ အရှင်ဉာဏိက အရှင်သူမြတ် မူလကမ္ဘာဌာန်းတရားများ စတင်အားထုတ်ခဲ့ရာ လိုဏ်ဂူတွင် မူလကမ္ဘာ့ဌာနသေဝကစေတီတော်ကို လက်ရှိပဓာန နာယကဆရာတော် ဘဒ္ဒန္တကုမာရ ဆရာတော်ကြီးမှူး၍ စေတီတော်ဝင် ဥပဋ္ဌာကအဖွဲ့က မကြာမီ တည်ထားပူဇော်မည်ဖြစ်ပြီး ပန္နက်တင်အခမ်းအနားအတွက် မြို့နယ်သာသနာ့အကျိုးတော်ဆောင် အဖွဲ့များထံ ကြိုတင်အကြောင်းကြားနှိုးဆော်စာများ ပေးပို့ထားသည်ဟု သိရသည်။

(က-ပ)

မြို့သာယာလှပရေး လုပ်ငန်းစစ်ဆေး

နတ်တလင်း မေ ၃၀

ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေ ပါဝင်သော အဖွဲ့သည် မေ ၃၀ ရက်က နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မြို့သာယာလှပရေးအတွက် မြေခင်း အလှပြုပြင်ခြင်းလုပ်ငန်းများနှင့် လမ်းများ ပြုပြင်ရန်အတွက် လမ်းခင်းကျောက်များ စုဆောင်းထားရှိမှုအား စစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ်/စည်ပင်)

မြို့နယ် သတင်းများ

ကိုယ့်အားကိုယ်ကိုးတံတားတည်ဆောက်မှု ကွင်းဆင်းစစ်ဆေးကြီးကြပ်ဆောင်ရွက်

မိုးညှင်း မေ ၂၉

မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ပြီးစီးခဲ့သည့် မိုးညှင်းမြို့ စိမ်းရတနာမွန်ရပ်ကွက်ရှိ ကိုယ်အားကိုယ်ကိုး တံတားအား မေ ၂၁ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးထွေးတို့က အနီးကပ်စစ်ဆေး ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

သံကူကွန်ကရစ်

အဆိုပါ တံတားမှာ အလှူရှင် ဦးဆန်းဝင်း၊ ဦးမင်းကြည်နှင့် ရပ်မိရပ်ဖများက ငွေကျပ် ၂၀၇၃၅၀ အကုန်အကျခံ ဆောက်လုပ်ခဲ့သော အရှည် ၁၇ ပေ လေးလက်မ၊ အကျယ်ငါးပေရှိသည့် သံကူကွန်ကရစ် တံတားဖြစ်ကြောင်း သိရသည်။

(ပြည်နယ်စည်ပင်)

မတ် ၂၆ ရက်က ဇန်းမော် မြို့နယ် ကောင်ဂျာယန်ကျေးရွာ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနား ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှသောင်းနှင့် ဇန်းမော် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် မြေခင်းအလှ ပြင်ဆင်ခြင်းလုပ်ငန်းကို မေ ၁၉ ရက်က မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန် ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု ကြပ်မတ်ဆောင်ရွက်

ဒေးဒရဲ မေ ၂၆

ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဇော်ဝင်းထွဋ်တို့ မေ ၂၃ ရက်က သံဒင်းစုံပြကျေးရွာ ချောင်းကူးတံတား တည်ဆောက် ရေးလုပ်ငန်းအား ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါချောင်းကူးတံတားသည် အရှည်ပေ ၇၀၊ အကျယ် ၁၂ ပေရှိ သံကူကွန်ကရစ်တိုင် သစ်သားကြမ်းခင်းတံတားဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ ငွေကျပ် ၁၁၅ သိန်း အကုန်အကျခံ တည်ဆောက်လျက်ရှိကြောင်းသိရသည်။

(မြို့နယ်ပြန်/ဆက်)

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့်အကြောင်းအရာ
၁	[illegible]	[illegible]	[illegible]	ကမာရွတ်	၃၆-C	၂၅D/၁	[illegible]	အမည်ပြောင်း
၂	[illegible]	[illegible]	[illegible]	ကမာရွတ်	၃၆-C	၂၅D/၃-၁	[illegible]	အမည်ပြောင်း
၃	[illegible]	[illegible]	[illegible]	မြောက်ဥက္ကလာပ	[illegible]	[illegible]	[illegible]	အမည်ပြောင်း
၄	[illegible]	FIM [illegible]	[illegible]	မြောက်ဥက္ကလာပ	၂	[illegible]	[illegible]	ဂရန်သစ်
၅	[illegible]	[illegible]	[illegible]	မြောက်ဥက္ကလာပ	[illegible]	[illegible]	[illegible]	အမည်ပြောင်း
၆	[illegible]	BMO [illegible]	[illegible]	[illegible]	၆	[illegible]	[illegible]	ဂရန်သစ်
၇	[illegible]	[illegible]	[illegible]	[illegible]	UE-1	[illegible]	[illegible]	ဂရန်သစ်
၈	[illegible]	ALN [illegible]	[illegible]	[illegible]	၁၅	[illegible]	[illegible]	ဂရန်သစ်
၉	[illegible]	X/RGN [illegible]	[illegible]	[illegible]	၇	[illegible]	[illegible]	ဂရန်သစ်
၁၀	[illegible]	[illegible]	[illegible]	မရမ်းကုန်း	[illegible]	[illegible]	[illegible]	အမည်ပြောင်း
၁၁	[illegible]	[illegible]	[illegible]	မရမ်းကုန်း	[illegible]	[illegible]	[illegible]	မြေပုံကူး
၁၂	[illegible]	[illegible]	[illegible]	မရမ်းကုန်း	[illegible]	[illegible]	[illegible]	အမည်ပြောင်း
၁၃	[illegible]	[illegible]	[illegible]	မင်္ဂလာတောင်ညွန့်	[illegible]	[illegible]	[illegible]	မြေပုံကူး
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	Y.C.D.C	ဂရန်သစ်
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	Dr.[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	N.K [illegible]	[illegible]

[illegible]

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့်အကြောင်းအရာ
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	ဂရန်သစ်
၂	[illegible]	[illegible]	[illegible]	[illegible]	၁၂	[illegible]	[illegible]	အမည်ပြောင်း
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	8 Eastern ½D	Chun Cheng Gwan	မြေပုံကူး
၄	[illegible]	[illegible]	[illegible]	[illegible]	၆	[illegible]	[illegible]	အမည်ပြောင်း
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	W ½ of L12	Ally Ismail Hans	အမည်ပြောင်း
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	အမည်ပြောင်း
၇	[illegible]	SBO [illegible]	[illegible]	[illegible]	[illegible]	H ၁၃	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	ဂရန်သစ်
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	ဂရန်သစ်
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	အမည်ပြောင်း
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	မြေပုံကူး
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	ဂရန်သစ်
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	အမည်ပြောင်း
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

ဟိုင်းဝေးစီးတီးဘတ်စ် ရောင်းမည်

၂က/---(88)MdL၊ Isuzu ပန်းသီးရုပ်၊ ဖရိန်ပြည့်၊ (၄၄) ယောက်စီး။

ဖုန်း-၅၃၆၂၁၃၊ ၇၀၃၅၇၆။

ရောင်းမည်

[illegible]

အမြန်ဆုံးရောင်း/ ငှား

ယုဇနဥယျာဉ်မြို့တော် (၅)ထပ်တွဲနှင့် စစ်တောင်းရိပ်မွန်ရှိ တိုက်ခန်းများ အမြန်ဆုံးရောင်း၊ ဝယ်၊ ငှားရမ်းလိုပါက ဖုန်း-၅၈၃၂၀၄။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ကက/၆၁၃၇ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ ပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေးအခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၄၅။

ခွေးရောင်းရန်

ကာကွယ်ဆေးထိုးပြီး SMBA (Australia Import) နှင့် Uzi (German Import) မျိုးဆက် အယ်လ်ဇေးရှင်း သားပေါက်များ ရောင်းရန်။

ဖုန်း-၆၆၄၆၀၁။

လက်ထပ်ပြီးစီးခြင်း

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ ကမ်းနားရပ်ကွက်၊ ဦးဥတ္တမလမ်းနေ ဦးကျော်နိုင်(ခ)ဦးညွန့်ရီ (ကုန်သည်)-ဒေါ်မသိန်းတင် (အလပြ၊ အငြိမ်းစား)တို့၏တစ်ဦးတည်းသောသား

မောင်ဇော်မိုးနိုင်

Third Year (Myanmar)

နှင့်

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ရွာမရွာအောက်ပိုင်းရပ်ကွက်၊ ကမ်းနားလမ်းနေ (ဦးတင်နု)ကုန်သည်-ဒေါ်အုန်းကြည်တို့၏သမီးလတ်

မတင်တင်အေး

B.A (Business Science)

တို့သည် နှစ်ဖက်သောမိဘအုပ်ထိန်းသူများ၏ သဘောတူညီခွင့်ပြုချက်အရ ၂၉-၄-၂၀၀၄ (ကြာသပတေးနေ့)တွင် ဗဟိုတရားရုံးချုပ် တိုင်းတရားသူကြီး ဦးအောင်ငွေ၏ရှေ့မှောက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘအုပ်ထိန်းသူများနှင့်
မောင်ဇော်မိုးနိုင်-မတင်တင်အေး။

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်မျိုးမင်းထက်** [၉/ပမန(နိုင်)၁၂၂၅၁၃]နှင့် ကျွန်မ **မချိုစန္ဒာမြင့်** [၁၂/ပဇတ(နိုင်)၀၀၁၁၈၉]တို့သည် ၂၆-၄-၂၀၀၄ရက်တွင် ရန်ကုန်တိုင်းတရားရုံး၌ နှစ်ဦးသဘောတူလက်ထပ်ပြီးစီးပါကြောင်း။

မောင်မျိုးမင်းထက် - မချိုစန္ဒာမြင့်။

ဆပ်ပြာကုန်ကြမ်းဆီအမျိုးမျိုးအဝယ်တင်ဒါ

၁။**ဝယ်ယူမည့်ပစ္စည်းများ** - ဆပ်ပြာကုန်းကြမ်းဆီအမျိုးအမျိုး
၂။**တင်ဒါပိတ်ရက်** - ၁၁-၅-၂၀၀၄ရက်နေ့
၃။**အချိန်** - ၁၄း၀၀နာရီ

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ် အချက်အလက်များကို အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

	တယ်လီဖုန်းအမှတ်
မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း(ရုံးချုပ်)	၅၆၁၃၉၁
၁၉၂၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်	၅၆၆၇၁၅
ရန်ကုန်မြို့။	၅၆၆၇၁၆

ရန်ကုန်စီးပွားရေးတက္ကသိုလ်
ဘွဲ့လွန်ဒီပလိုမာသင်တန်းများဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
ကြေညာချက်

၁။ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့်အောက်ပါဘွဲ့လွန်ဒီပလိုမာသင်တန်းများသို့ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။
(က) စီးပွားရေးပညာဒီပလိုမာ (ဒီအီးအက်စ်)
(ခ) စာရင်းအင်းပညာဒီပလိုမာ (ဒီအက်စ်)
(ဂ) စီမံအုပ်ချုပ်မှုပညာဒီပလိုမာ (ဒီအမ်အေ)

၂။ အဆိုပါဘွဲ့လွန်ဒီပလိုမာသင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။
(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။
(ခ) အခြားတက္ကသိုလ်တစ်ခုတွင် သင်တန်းတက်ရောက်နေသူမဖြစ်စေရ။
(ဂ) သက်ဆိုင်ရာ သင်ရိုးနှင့်အညီ သတ်မှတ်ထားသော အချိန်အတိုင်း ပြည့်မီစွာ တက်ရောက်နိုင်ရမည်။
(ဃ) စီးပွားရေးပညာဒီပလိုမာ၊ စာရင်းအင်းပညာဒီပလိုမာနှင့် စီမံအုပ်ချုပ်မှုပညာ ဒီပလိုမာသင်တန်းများသို့ အစိုးရဌာနများမှ ဘွဲ့ရအရာထမ်းများ အပြင် ပြင်ပပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၌ လုပ်ကိုင်နေသော ပုဂ္ဂိုလ်များပါ လျှောက်ထားနိုင်ပါသည်။
(င) ၁-၆-၂၀၀၄ရက်တွင် အသက်(၂၅)ပြည့်ပြီးသူဖြစ်ရမည်။

၃။သတ်မှတ်လျှောက်လွှာပုံစံနှင့် သင်တန်းဆိုင်ရာ စာရွက်စာတမ်းများကို ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်)ရှိ စာမေးပွဲဌာနတွင် ၄-၅-၂၀၀၄ (အင်္ဂါနေ့)မှစ၍ ဝယ်ယူနိုင်ပါသည်။

၄။ ဝင်ခွင့်စာမေးပွဲအတွက် လျှောက်လွှာများကို ၁၉-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ အဆိုပါဌာန၌ပင် လာရောက် လျှောက်ထားနိုင်ပါသည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂၃-၅-၂၀၀၄(တနင်္ဂနွေနေ့) နံနက်(၉း၀၀)နာရီမှ စတင်၍ စီးပွားရေးတက္ကသိုလ်(ကမာရွတ်)တွင် ကျင်းပပါမည်။

၆။ သင်တန်းနှင့်ပတ်သက်၍ ဖုန်း-၅၃၆၄၃၃၊ ၅၃၆၄၃၄၊ ၆၆၁၇၃၆၊ ၅၉၁၄၁၅၊ ၅၉၁၄၁၆ တို့တွင် စုံစမ်းနိုင်ပါသည်။

တင်အောင်
(မော်ကွန်းထိန်းအဆင့်-၁)
ရန်ကုန်စီးပွားရေးတက္ကသိုလ်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အေဝမ်းလမ်း၊ အမှတ်-၁၄၈(Z-3)နေ ဦးတောက်ထွန်း(Managing Director, MSC Co., Ltd.)- ဒေါ်ချိုချို(မြန်မာ့လေကြောင်း၊ ငြိမ်း)တို့၏သားငယ်

မောင်ကောင်းမြတ်ထွန်း B.Com, MCSE, MCDBA

IT Engineer (Continental Teves, Japan)

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မောရဝတီလမ်း၊ အမှတ်-၁၂၇(F)နေ ဗိုလ်မှူးစံမင်း(လေယာဉ်မှူး၊ မြန်မာ့လေကြောင်း၊ ငြိမ်း)- ဒေါ်စံသာတို့၏သမီးငယ်

မမိုးပန်းဝါ B.Com (Q)

တို့သည် ၁-၅-၂၀၀၄(စနေနေ့)တွင် Grand Plaza Park Royal Hotel ၌ နှစ်ဖက်သော မိဘ၊ ဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကောင်းမြတ်ထွန်း - မမိုးပန်းဝါ။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဟင်္သာတမြို့၊ ဘုရားကြီး(၂)လမ်း၊ အမှတ်(၁၅၃)နေ ဦးညွန့်တင် (မြို့နယ်မန်နေဂျာ၊ ကုန်သွယ်လယ်ယာ၊ ငြိမ်း)- ဒေါ်ညွန့်ညွန့်ကြည် (မြို့နယ်ကုန်သွယ်ရေး)တို့၏သား

Dr.ကျော်စိုးညွန့် M.B.,B.S (YGN)

(လ/ထဆရာဝန်၊ စဝ်စံထွန်းဆေးရုံ၊ တောင်ကြီး)

နှင့်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ မဃ(၁၀)လမ်း၊ အမှတ်(၈၁၈)နေ ဦးအောင်သိန်း(မြို့နယ်ဦးစီးမှူး၊ သမဦးစီး၊ ငြိမ်း)-(ဒေါ်ယဉ်ယဉ်စမ်း) (အထပြ၊ ငြိမ်း)တို့၏သမီး

Dr.သီရိဂီဝင်း M.B.,B.S (YGN)

(လ/ထဆရာဝန်၊ ကလေးဆေးရုံကြီး၊ ရန်ကုန်)

တို့သည် ၂၄-၄-၂၀၀၄နေ့တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် Dr.ကျော်စိုးညွန့် - Dr.သီရိဂီဝင်း။

ရန်ကုန်တက္ကသိုလ်
ပါရဂူ (Ph.D) သင်တန်းသားများခေါ်ယူခြင်း

၁။ ရန်ကုန်တက္ကသိုလ်တွင် ၂၀၀၄-၂၀၀၅ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (Ph.D)သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

(က) ဓာတုဗေဒ	(ဇ) ပထဝီဝင်
(ခ) ရူပဗေဒ	(ဈ) သမိုင်း
(ဂ) သင်္ချာ	(ည) မြန်မာစာ
(ဃ) သတ္တဗေဒ	(ဋ) ဒဿနိကဗေဒ
(င) ရုက္ခဗေဒ	(ဌ) စိတ်ပညာ
(စ) ဘူမိဗေဒ	(ဍ) အရှေ့တိုင်းပညာ
(ဆ) ကုန်ထုတ်ဓာတုဗေဒ	(ဎ) ဥပဒေပညာ
	(ဏ) နိုင်ငံတကာဆက်ဆံရေးပညာ
	(တ) အင်္ဂလိပ်စာ

၂။ ပါရဂူဘွဲ့ (Ph.D) သင်တန်းတက်ရောက်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။
(က) သက်ဆိုင်ရာဘာသာရပ်များအတွက် မဟာသိပ္ပံဘွဲ့ (M.Sc) နှင့် မဟာဝိဇ္ဇာဘွဲ့ (MA) ရရှိပြီးသူဖြစ်ရမည်။
(ခ) ပညာရေးဝန်ထမ်းဖြစ်ပြီး၊ တက္ကသိုလ်ကောလိပ်တစ်ခုခုတွင် ဆရာ၊ ဆရာမအဖြစ် လက်ရှိအမှုထမ်းဆောင်နေသူဖြစ်ရမည်။
(ဂ) ၂၇-၅-၂၀၀၄ရက်နေ့တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူများ ဖြစ်ရမည်။
(ဃ) လျှောက်ထားသူသည် မြန်မာနိုင်ငံသား ဖြစ်ရမည်။

၃။ ရန်ကုန်တက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၂၀-၅-၂၀၀၄ရက်နေ့ကို နောက်ဆုံးထား၍ လျှောက်ထားရပါမည်။

၄။ လျှောက်ထားသူများသည် ရန်ကုန်တက္ကသိုလ် ပါရဂူဘွဲ့ (Ph.D) သင်တန်းဝင်ခွင့်စာမေးပွဲကို ၂၇-၅-၂၀၀၄ရက်နေ့တွင် စတင်ဖြေဆိုရမည်။

၅။ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ ဘာသာရပ် ပါမောက္ခများထံတွင် စုံစမ်းနိုင်ပါသည်။

ခင်အေးကျော်
မော်ကွန်းထိန်းအဆင့်(၁)
ရန်ကုန်တက္ကသိုလ်။

သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်တက္ကသိုလ်၏ အစီအစဉ်ဖြင့် ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်းရှိ ရာစုသစ်အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (New Century Resource Centre)၌ အောက်ပါအစီအစဉ်အတိုင်း သင်တန်းများဖွင့်လှစ်ပါမည်။

၁။ **သင်တန်းအမည်**- (၁)Power Windows ၂/၂၀၀၄သင်တန်း
(၂)ComputerizedAccounting ၂/၂၀၀၄သင်တန်း
၂။ **သင်တန်းကာလ**- (၂)လ
၃။ **သင်တန်းဝင်ခွင့်အနိမ့်ဆုံး**-အခြေခံပညာအထက်တန်း"က"အဆင့်/တက္ကသိုလ် **ပညာအရည်အချင်း** ဝင်တန်းအောင်မြင်ပြီးသူများ
၄။ **သင်တန်းစတင်မည့်ရက်**-၁၂-၅-၂၀၀၄
၅။ **သင်တန်းစတင်လက်ခံမည့်ရက်**-၄-၅-၂၀၀၄
၆။ **ဆက်သွယ်ရန်လိပ်စာ**-ရန်ကုန်တက္ကသိုလ်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန

အသေးစိတ်အချက်အလက်များကို သိလိုပါက ရုံးချိန်အတွင်းမော်ကွန်းထိန်းအဆင့်(၁)၊ ကျောင်းသားရေးရာဌာနသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(ဖုန်း-၅၃၄၃၉၀) ဦးရာလူစနစ်ဖြင့် လက်ခံပါမည်။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ကျွန်တော် ကျွန်မတို့၏ (၂-၄-၂၀၀၄) ရက် Sedona Executive Club တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ရန်ကုန်အနောက်ပိုင်း ခရိုင် တရားသူကြီး ဦးစိုးသန့်နှင့် ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း (၂၅-၄-၂၀၀၄) ရက်နေ့တွင် Sedona Hotel, Grand Ballroom ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စပယ်ပန်းကုံး ချီးမြှင့်ပေးသော ဝန်ထမ်းရွှေရည်လှကျွန်းရေးအဖွဲ့၊ အဖွဲ့ဝင် ဦးညွန့်ဆွေ (အငြိမ်းစားသံအမတ်ကြီး)နှင့် ဇနီးဒေါ် [illegible] အား လည်းကောင်း၊ မင်္ဂလာလက်ဆွဲဆင်မြန်းပေးသော ဝန်ထမ်းရွှေရည်လှကျွန်းရေးအဖွဲ့၊ အဖွဲ့ဝင် ဦးလှမြင့်ဦး (အငြိမ်းစား သံအမတ်ကြီး) နှင့် ဇနီး ဒေါ် [illegible] အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသင်မြင့်သန်းအား လည်းကောင်း၊ [illegible]

နှစ်ဖက်သောမိဘများနှင့်
မောင်သက်ဇော်အောင် (Purchasing Manager, Sedona Hotel Yangon) + မနီလာညွန့်

UNION OF MYANMAR
MINISTRY OF TRANSPORT
MYANMA SHIPYARDS
INVITATION TO SEALED TENDER

1. Sealed tenders are invited by Myanma Shipyards, for supply of the following M.S Plates and Angles which will be purchased in Myanmar Kyats:-

Sr. No	Tender No	Description	Qty
1	T(1)MS/2004-05	Ship construction material complying with Lloyd's (OR)ABS Grade A	
		M.S Plates	
		(8' x 30') x 6mm (or) (6'x20') x 6mm	500 Tons (Approx:)
		(8'x 30') x 8mm (or) (6'x20') x 8mm	
		(8'x30')x10mm (or) (6'x20') x10mm	
		M.S Angles (6M in Length)	
		65x65x6mm	50 Tons(Approx:)
		75 x 65 x 8mm	
		100 x 75 x 7mm	
		125x75x8mm	

Tender Closing Date: 28th May, 2004(10:00)Hours
Tender Opening Date: 28th May,2004(14:00)Hours

2. Tender documents are available at the office of the Assistant General Manager (Store), Myanma Shipyards, Sinmalike, Kamayut, Yangon, starting from 17th May, 2004 during the office hours.
3. For further detail please call 536521
Assistant General Manager(Store)
Store Department, Myanma Shipyards,
Sinmalike, Kamayut, Yangon.

အမည်ပြောင်းခြင်း

ဦးစိုးဝင်း-ဒေါ်မြင့်မြင့်အုန်းတို့၏ သမီး မော်လမြိုင်မြို့နေ အထက-၉၊ ဒသမတန်းမှ မခင်မြတ်စိုးဝင်းအား ယနေ့မှစ၍ မသုနန္ဒီစိုးဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့၊ မုရစ်ကလေးကျေးရွာ (အထက) ဒသမတန်းမှ မဇင်မာစိုး၏ဖခင်အမည်မှန်မှာ ဦးမြင့်သန်းဦးဖြစ်ပါကြောင်း။

အမြန်ပြန်လာပါ

သမီး ငြိမ်းနုထွေး (အငယ်လေး) [၁၂/ကတတ(နိုင်)၀၂၈၄၄၇]

ဖေဖေ နေမကောင်းပါ၊ အားလုံးက စိတ်ပူနေတယ်၊ အမြန်ပြန်လာပါ။

ကယ်ကယ်-ကျော်စိုး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender) များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား၏ ဌာနခွဲအသီးသီးအတွက် (Computer, Printer, Copier, Calculator, Fax Machine, Type Writer, PA System) များအပါအဝင် ရုံးသုံးစက်ပစ္စည်းကိရိယာများကို မြန်မာ့ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ပေးသွင်းရန်ဖိတ်ခေါ်ပါသည်။

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်-၂၀-၅-၂၀၀၄(သောကြာနေ့) (၁၂း၀၀)နာရီ
ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန်-၂၀-၅-၂၀၀၄(သောကြာနေ့)(၁၄း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ပါဌာနတွင် ၄-၅-၂၀၀၄နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ (ထောက်ပံ့ဌာန)
မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထိပ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၁၉၈၂၊ ၂၉၁၉၆၄၊ ၂၀၁၅၅၅၊ လိုင်းခွဲ/၆၀၂/၆၁၃။

ဖခင်အမည်မှန်

တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်၊ ညောင်ပင်ကွင်းကျေးရွာ အထက်တန်းကျောင်း နဝမတန်းမှ မဇင်မာလွင်၏ ဖခင်အမည်မှန်မှာဦးစိုးလွင်ဖြစ်ပါသည်။

နားဖောက်၊ နားပိတ်၊ နားသီး
အထူးသီးသန့်ဆေးခန်း
မင်္ဂလာ - နား - အလှပြုပြင်ရေး
မင်္ဂလာဆေးခန်း
အမှတ်(၂)၊ ဓီဇဝါလမ်း၊
ရေကျော်ဈေးအနီး၊ ပုဇွန်တောင်၊
ဖုန်း-၂၉၉၈၃၉၊ ၀၉-၅၀၀-၂၈၀၈။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏နိုင်ငံကူးလက်မှတ် (၄၀၂၅၇၆) ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။

မောင်သန့်ဇင်ထွန်း
၀၅၆-၂၅၂၆၈။

SoftGuide Computer

- Microsoft Office XP
- D.T.P Course
- Graphic Design
- Turbo C++
- Visual Basic
- Auto CAD
- Computerized Accounting (ACCPAC)
- **Special Course for Kid's**

☎ 382180, 382195

☎ 229559 ☎ 527388 ☎ 229877 ☎ 053-24289 ☎ 082-23356 ☎ 043-23524

Shan Kan

နံက် 11:00 နာရီမှ ညနေ 3:30 နာရီထိ Dim Sum နှင့်

နံက် 11:00 နာရီ မှ ည 9:30 နာရီထိ နေ့လည်စာနှင့် ညနေစာများကို

ယန်းချာ (Dim Sum) တရုတ်အစားအစာ

☎ 240216, 244336

Department of Export Promotion, Ministry of Commerce မှ

Thailand Exhibition '2004

ထိုင်း ကုန်စည် ပြပွဲကြီး

05-08 MAY 2004

Yangon Trade Center

Upper Pazundaung Road

10:00 am to 06:00 pm daily

05-06 May 04 : Trade days (with entrance ticket)

07-08 May 04 : Public days

THAILAND

TTF(Yangon)Co.,Ltd

email: ttf@mptmail.net.mm

အများသိရှိစေရန် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာ၊ တိုက်(၈၇/၈၈)တွင် ရုံးခန်းဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် "Supreme Enterprise Ltd."သည် အောက်ပါကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်းပိုင်ရှင် ဖြစ်ပြီး အဆိုပါကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားကို ကုမ္ပဏီ၏မူပိုင်အမှတ်တံဆိပ် အမှတ်အသား အဖြစ် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် IV-၇၅၉၂/၂၀၀၂ဖြင့် မှတ်ပုံတင်ခဲ့ပြီးလည်း ဖြစ်ပါသည်။

Water Doctor

Supreme

"Supreme Enterprise Ltd."သည် အဆိုပါအမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် ၁၉၉၅ခုနှစ်မှစ၍ ရေသန့်ကိရိယာပစ္စည်းအမျိုးမျိုးထုတ်လုပ်ကာ လုပ်ငန်းရှင်များအား ဖြန့်ဖြူးဝန်ဆောင်မှု ပေးခဲ့မှုကြောင့် ကောင်းသောဂုဏ်သတင်းဖြင့် လုပ်ငန်းရှင်များ၏ ယုံကြည်မှုနှင့် ရေရှည်လက်တွဲခိုင်မြဲမှုကို ရရှိခဲ့သည်မှာ ယနေ့အထိဖြစ်ပါသည်

ယခုအခါ အဆိုပါကုန်အမှတ်တံဆိပ်နှင့် ကုမ္ပဏီ၏ နာမည်ကောင်းကို အခွင့်ကောင်းယူကာ ကုမ္ပဏီ၏ လုပ်ငန်းခွဲဟူ၍လည်းကောင်း၊ ကုမ္ပဏီ၏ ကိုယ်စားလှယ်ဟူ၍လည်းကောင်း၊ ကုမ္ပဏီ၏နာမည်ကို အလွဲသုံးစားပြုကာ အမျိုးမျိုးပြောဆို၍ လုပ်ငန်းရှင်များ ထင်ယောင်ထင်မှားဖြစ်အောင် ပြုမူပြောဆို ဆောင်ရွက်လျက်ရှိသည်ကို သိရှိရပါသည်။

"Supreme Enterprise Ltd."သည် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီသို့မှ ကိုယ်စားလှယ်ပေးထားခြင်း၊ လုပ်ငန်းအပ်နှံဆောင်ရွက်စေခြင်းမရှိပါ၊ ယင်းသို့ ကုမ္ပဏီ၏အမည်ကို အလွဲသုံးစား ပြုနေသူများအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ယင်းသို့ကုမ္ပဏီ၏အမည်ကိုလည်းကောင်း၊ အမှတ်တံဆိပ် ကိုလည်းကောင်း သုံးစွဲ၍ လုပ်ငန်းရှင်များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းများကို လုံးဝရပ်တန့်ပေးပါရန် သတိပေးတားမြစ်ပါသည်။ အကယ်၍လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေအရ ပြစ်မှုကြောင်းနှင့် တရားမကြောင်းတို့အရ ထိရောက်စွာ အရေးယူဆောင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးအီနုစ် (တရားရုံးချုပ်ရှေ့နေ)

YENOOS & ASSOCIATES (Law Firm)

အမှတ်-၃၀၊ ပထမထပ်၊ (၄၄)လမ်း၊ ရန်ကုန်မြို့။

VCD KARAOKE

Music : Ko Aye Soe & Mg Mg Latt

Studio : Tower

၂.၅.၂၀၀၄ ထွက်ပြီ

ဇမ္ဗူကျော် ထွက်ပြီ

လက်တွေ့အိမ်တွင်းစီးပွားဖြစ်လုပ်ငန်းများနှင့်ချက်ပြုတ်နည်းအမျိုးမျိုး

တစ်အုပ် ၁၀၀၀ိ/- ကျပ်၊ စာမူခွင့်ပြုချက်-၁၁၉၉ (၂၀၀၃)(၁၂)၊ လုပ်ငန်း လုပ်ကိုင်နည်းတစ်နည်းကို တစ်သောင်းတန်သည်။ ဤစာအုပ်တွင် နည်းပေါင်း တစ်ရာကျော်ပါရှိသည်။ "ရေမွှေးဖော်စပ်နည်း (၂၄)နည်း၊ အလှရည်လုပ်ငန်း (၅)နည်း၊ ခေါင်းလိမ်းဆီလုပ်ငန်း (၈)နည်း၊ ပေါင်ဒါဖော်စပ်နည်း (၅)နည်း၊ နိုင်ငံခြားအလှရည်လုပ်ငန်း (၆)နည်း၊ ဆပ်ပြာလုပ်နည်း (၉)နည်း၊ မုန့်လုပ်နည်း (၁၇)နည်း၊ စားသောက်ဖွယ်ရာ (၇)နည်း၊ သီးယိုလုပ်ငန်း (၈)နည်း၊ အဖျော် ယမကာ(၃)နည်း၊ သဘာဝဆီထုတ်နည်း (၅)နည်း၊ ဓာတုဗေဒနည်း (၁၁)နည်းနှင့် အခြားနည်းများပါရှိသည်။"

